စိတ်ကူးချိုချိုအနုပညာ

သော်တာဆွေ

ထူးဆန်းသော ပုံပြင်များ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

သော်တာဆွေ

ထူးဆန်းသော ပုံပြင်များ

TTS0034
2,300.00 KS

mgyoe.com

mgyoe.com

ထူးဆန်းသောပုံပြင်များ၊ သော်တာဆွေ
မျက်နှာဖုံးသရုပ်ဖော်-ပေသစ်တည်၊ အတွင်းသရုပ်ဖော်-ထက်မိုး။
စာမျက်နှာ ၁၅၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၁ ရွှေစာပေ၏ တတိယအကြိမ်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

ထူးဆန်းသောပုံပြင်များ

သော်တာဆွေ

မြန်လည်ရှိဂစ်နှိမ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

မာတိကာ

၁။	ကိုညဏ်ရှင်နှင့် ဦးကပ်စေး	၁
၂။	တောစောင့်နတ်၏ကြိတ်ဆုံ	၁၃
၃။	သမင်လူကလေးနှင့် ယီလီနာ	၂၃
၄။	လေနတ်မင်း ကိုတူရာ	၄၅
၅။	ဇာနိယာ	၅၉
၆။	ပေါ့ကတီဂေါ်ရိုယှက်	၆၅
၇။	ကိုယ်ပျောက်လုလင်နှင့် စေတစ်လုံးပိုင်ရှင်	၈၅
၈။	လူဖျင်း လူပျင်း ရှိဒူလာ	၁၁၅
၉။	ဖားမလေး ဗာစီလီဇာ	၁၂၁
၁၀။	ဟတ်ချိုး–ဟတ်ချိုး	၁၃၃
၁၁။	အင်းနိတ်	၁၃၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

ကိုညာဏ်ရှင်နှင့် ဦးကပ်စေး

ရှေးလွန်လေပြီးသောအခါ ကာဇက်စတန်ပြည် ကုန်းမြင့်လွင်ပြင်အေးတစ်ခုမှာ အယ်လ်ဒါကိုစီမည်သော ဆင်းရဲသားတစ်ယောက်ရှိသည်။ သူ့မှာ ကိုယ်ပိုင်မြင်းတစ်ကောင်မှတစ်ပါး အခြားပစ္စည်း ဗလာနတ္ထိ။ သို့သော် သူသည် ဟာသနှင့် ဖဝနညာဏ်ရှင်၍ ရွှတ်တတ်သည်၊ ရွှတ်တတ်သည်၊ နောက်ပြောင်တတ်သည်ဟု ထင်ရှားကျော်ကြားသည်။

ဤဒေသမှာပင် ပစ္စည်းဥစ္စာချမ်းသာသလောက် အလွန်ကပ်စေးနဲသော ရှီဂယ်ဘိုင်ဆိုသူ ရှိသည်။ ရှီဂယ်ဘိုင်သည် နွားမြောတွန့်တိုသောနေရာ၌ အလွန်နှာမည်ကြီးသည်။ သူ့ထံမှ ထမင်းတစ်လုတ်၊ ရေတစ်ပေါက် စားသောက်ရရန် အလွန်ခဲယဉ်းသည်။

တစ်နေ့သောအခါ အယ်လ်ဒါကိုစီသည် ရှီဂယ်ဘိုင်နှင့် တစ်ပွဲတစ်လမ်းတော့ အကဲစမ်းလိုက်မည်ဟု သူ့မြင်းကိုစီး၍ ထွက်ခဲ့သည်။ ဤအကြောင်းကို အိမ်နီးပါးနားမိတ်ဆွေများက ကြားသိကြသောအခါ ပွဲကြီးပွဲကောင်းပဲဟေ့ဟု ဝမ်းသာအားရ ဖြစ်ကြလျက်...

"အယ်လ်ဒါကိုစီရေ... မင်းတော့ ရှီဂယ်ဘိုင်ဆီက သိုးသားဟင်းနဲ့ ကောင်းကောင်းစားပြီး နို့ဒိန်ရည်ပဲ သောက်ရမလား"

mgyoe.com

အယ်လ်ဒါကိုစီက "စောင့်ကြည့်ကြပေါ့ဗျာ...၊ အခု သူ ဘယ်မှာ နေသလဲသာ ပြောစမ်းပါ"

"တို့ အနီးပါးနားမှာတော့ မရှိဘူးဟေ့၊ သူ့အိမ်ထောင်နဲ့ ဘယ်လစ်သွားသလဲကို ဘယ်သူ့မှ အသိပေးမသွားဘူးကွ၊ မင်းဟာမင်းပဲ လိုက်ရှာပေတော့"

အယ်လ်ဒါကိုစီသည် ကျယ်ပြန့်သောလွင်ပြင်ဒေသမှာ နေ့ပေါင်းများစွာ မြင်းကိုစီးခဲ့သည်။ မလျော့သောလုံ့လနှင့် သူ့မိတ်ဆွေကို ရှာခဲ့သည်။ နောက်ဆုံးမှာ ကျူတောကြီးတစ်ခုထဲ၌ တဲတစ်လုံးကို မြင်ရလေသည်။

"ဟာ... ဒါ... ရှီဂယ်ဘိုင်ဂေဟာ ဖြစ်မှာပဲ"ဟု အယ်လ်ဒါကိုစီ မှတ်ချက်ချလိုက်လေသည်။ မှန်ပါ၏။ ရှီဂယ်ဘိုင်သည် သူ့တဲဆီသို့ တစ်စုံတစ်ယောက်လာလျှင် ကျူပင်များလှုပ်ရှားသည့် အသံကိုကြားရန်၊ ကြိုတင်သိရှိရန် ဤကျူတောထဲမှာ တမင်လာရောက် နေထိုင်ခြင်း ဖြစ်သည်။ ဤသို့ တစ်စုံတစ်ယောက်လာမှန်း သိရှိပါက သူ၏စားကောင်းသောက်ဖွယ်တို့ကို သိုဝှက်ထားရန် ဖြစ်သည်။

ယင်းကိုရိပ်စားမိသော အယ်လ်ဒါကိုစီသည် အသံမကြားဘဲနှင့် သူ့တဲဆီသို့ရောက်အောင် စဉ်းစားရသည်။ ကျူတောမှာ ထူထပ်လှသဖြင့် သူ့မြင်းရော လူပါ အသံမမြည်ဘဲနှင့်တော့ ဘယ်နည်းနှင့်မျှမဖြစ်။ ထို့ကြောင့် နည်းလမ်းတစ်ခုကို ရှာရသည်။ ဉာဏ်ထက်သော အယ်လ်ဒါကိုစီ စဉ်းစားမိပါပြီ။ မြင်းပေါ်မှဆင်း၍ ကျောက်စရစ်ခဲတို့ကို စု၏။ တော်တော်များများ ရသောအခါ ပထမ လက်တစ်ဆုပ်ဖြင့် ကျူတောထဲသို့ ပစ်လိုက်သည်။ ကျူပင်များ လှုပ်ရှားသော အသံမြည်၍ ရှီဂယ်ဘိုင် သူ့တဲထဲမှ ထွက်လာကာ တောင်မြောက်လေးပါးကို ကြည့်လျက်... "ဘယ်သူတုံး" ဟု မေးလိုက်၏။

စကားပြန်မရသဖြင့် ခဏကြာသောအခါ သူ့တဲထဲပြန်ဝင်သွား၏။

ဒုတိယအကြိမ် အယ်လ်ဒါကိုစီ ပစ်လိုက်ပြန်သည်။ ရှီဂယ်ဘိုင် ထွက်လာပြန်ကာ ခုနနည်းတူ မေးပြန်သည်။ စကားပြန်မရ။ ထိုအခါ ပြန်ဝင်သွားပြန်၏။ တတိယအကြိမ် ပစ်ပြန်သောအခါ ရှီဂယ်ဘိုင် ထွက်မလာတော့ပြီ။ မည်သူမျှမဟုတ်၊ လေတိုက်တာပဲ ဖြစ်ရမည်ဟု အောက်မေ့ကာ သူ တဲထဲမှာ လုပ်စရာရှိသည်တို့ကို လုပ်ကိုင်နေ၏။

mgyoe.com

mgyoe.com

ထိုသရောအခါမှာ အယ်လ်ဒါကိုစီသည် သူ့မြင်းကို လက်မှ ဆွဲ၍ ကျူတောထဲကို တိုးသွား၏။ သို့သော် တစ်ခါတည်း အရောက်သွား၍ မဖြစ်သေး။ ခုန ကျောက်ခဲများ ပစ်သည့်နည်းတူ တစ်အောင့်လောက် တိုးသွားလိုက်၊ ခေတ္တ ရပ်နားလိုက်ဖြင့် နောက်ဆုံးမှာ ရှိဂယ်ဘိုင်၏ တဲဝသို့ ချဉ်းကပ်မိလေ၏။

တဲတံခါးကို အသာလှပ်၍ ကြည့်လိုက်သောအခါ တဲထဲမှာ ဖုံနှင့် ထိုင်ခုံများ၊ သားမွေးစောင်များ ကြီးငယ်အလိုက် ထပ်ဆင့်ထပ်ထားသော သေတ္တာများ စသည့် လူချမ်းသာတို့၏ ပစ္စည်းများ။

တဲအလယ်ရှိ မီးဖိုကြီး နံဘေးမှာမူ ရှိဂယ်ဘိုင်တို့ အိမ်သားများ၊ မီးဖိုပေါ်တွင် ကြိုးနှင့်ဆွဲထားသည့် သိုးသားဟင်းအိုး တစီစီဆူပွက်နေသည်။

ရှိဂယ်ဘိုင်သည် ထိုအိုးကိုဖွင့်၍ အပေါ်၊ အငန်မြည်းလိုက်၊ အသားနူး၊ မနူး စမ်းလိုက်နှင့် နုပ်နုပ်စဉ်းထားသော သိုးသားတို့ကို သိုးအူချောင်းထဲ (ဝက်အူချောင်းကဲ့သို့) သွတ်သွင်းခြင်းကိုလည်း ပြုလုပ်နေသေး၏။

သူ့ဇနီးမှာမူ ဂျုံမှုန့်တို့ကို နယ်နေသည်။ သမီးပျိုလေးက ငန်း တစ်ကောင်ကို အမွေးနုတ်နေသည်။ သူတို့အစေခံက သိုးခေါင်းကို မီးဖြိုက် နေသည်။

အယ်လ်ဒါကိုစီသည် ယင်းတို့ကို အားလုံးတွေ့မြင်ပြီးနောက် တံခါးကို ဆတ်ခနဲ ဆွဲဖွင့်ကာ ဘွားခနဲ စွတ်ဝင်လိုက်၍ "ဟရေး ရှိဂယ်ဘိုင်"ဟု ရုတ်တရက် နှုတ်ဆက်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ရှိဂယ်ဘိုင်သည် မျက်လုံးအပြူးသားနှင့် သိုးသားဟင်းအိုးကို ဆတ်ခနဲ ပိတ်လိုက်သည်။ သူလုပ်နေသော သိုးအသားအူသွတ်ကို ကွယ်ထိုင်လိုက်သည်။ သူ့ဇနီးကလည်း သူနယ်နေသော ဂျုံခွက် အပေါ်ကို ဖိထိုင်လိုက်သည်။ သမီးလေးက အမွေးနုတ်နေသော ငန်းကို သူ့ဂါဝန်နှင့် အုပ်လိုက်သည်။ အစေခံကြီးက သိုးခေါင်းကို သူ့နောက်ကွယ် ဝှက်လိုက်သည်။

ခဏအတွင်းမှာပင် ရှိဂယ်ဘိုင်သည် အယ်လ်ဒါကိုစီကို နှုတ် ဆက်ရန်...

"အား... မင်း ရောက်လာသကိုး၊ တို့ ကုန်းပြင်လွင်ပြင်မှာ ဘာ

mgyoe.com

mgyoe.com

တွေများ ထူးခြားသလဲကွ"

အယ်လ်ဒါကိုစီသည် နေရာတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး...

"ထူးခြားတာတွေတော့ အများကြီးပေါ့ဗျာ...၊ ခင်ဗျားကို တော်တော်နဲ့တောင် ပြောလို့ကုန်မှာမဟုတ်ဘူး"

"ဒါဖြင့် နည်းနည်းပြောပေါ့ကွာ"

"အခု လမ်းမှာ ကျုပ် လာခဲ့တုန်း တွေ့တာ ပြောရရင်ဖြင့် မြွေကြီးတစ်ကောင်ဗျ၊ ကျုပ်ရှေ့ဖြတ်သွားတာ သူ့အမြီးဖျားကတောင် ခင်ဗျား ခုန လုပ်နေတဲ့ သိုးအူချောင်းထက် ကြီးသေးတယ်"

ရိုဂယ်ဘိုင် မျက်နှာမဲ့သွားသည်။ အယ်လ်ဒါကိုစီက ဆက်၍...

"ခင်ဗျား မယုံမရှိနဲ့၊ အဲဒီ မြွေခေါင်းကလည်း ခုန ခင်ဗျာ့ အစေခံကြီး မီးမြှိက်နေတဲ့ သိုးခေါင်းလောက်ကြီးတယ်၊ ကျုပ်ရှေ့ဖြတ်သွားတော့ အဲဒီမြွေ ပါးစပ်ကလည်း ဟောဒီ သိုးသားအိုးဆူတဲ့အတိုင်းပါပဲ၊ တစီစီမြည်တယ် ခင်ဗျာ့၊ ဒါနဲ့ ကျွန်တော် မြင်းပေါ်ကဆင်းပြီး ကျောက်ခဲကြီးတစ်လုံးရှာ၊ အဲဒီမြွေခေါင်းထုလိုက်တာဗျာ၊ ခုနက ခင်ဗျားမိန်းမ နယ်နေတဲ့ ဂျုံတွေလိုပဲ စိစိညက်ညက်ကျေသွားတာပဲဗျ။ အဲဒီဟာ ကျုပ် မဟုတ်မမှန် လုပ်ကြံပြောတယ်ဆိုရင် ခုန ခင်ဗျားသမီး လေးဂါဝန်အောက်က ငန်းကြီးလိုပဲ ကျုပ်ခေါင်းက အမွေးတွေ ပြောင်နေရပါစေရဲ့ဗျာ"

ရိုဂယ်ဘိုင်သည် မျက်နှာကြီးရှစ်ခေါက်ချိုးနှင့် သက်ပြင်းကြီး ချကာ အယ်လ်ဒါကိုစီကို ဘာမျှပြန်မပြော။ စားပါ၊ သောက်ပါဟူ၍လည်း ဘာမျှ မကျွေး။ အယ်လ်ဒါကိုစီကသာ ဘာမျှမမြင်သလို ဧည့်သည်တစ်ယောက် အနေနှင့် စကားတွေ ဖောင်ဖွဲ့အောင် ပြောနေသည်။ သည်လို နှင့် ညဉ့်နက်၍ လာခဲ့ပြီ။ သိုးသားအိုးက တစီစီဆူပွက်၍ တဲထဲမှာ ရနံ့က သင်းပျံ့လှိုင်နေ သည်။

ခရီးပန်းလာခဲ့သော အယ်လ်ဒါကိုစီမှာ ဆာလောင်လှ၍ ပါးစပ်မှ သွားရည်ယိုလာ၏။ ဒါကို ရိုဂယ်ဘိုင်သိ၍ တမင်ပြောသည်မှာ...

"ဆူစမ်းပေ့၊ ငါ့ဟင်းအိုးရေ၊ မင်း နှစ်ဝက်လောက်တော့ အဲဒီ အတိုင်း ဆူနေဦးပေါ့ကွာ"

ထိုအခါ အယ်လ်ဒါကိုစီက ရုတ်တရက် သူ့ဖိနပ်တွေကို ချွတ်

mgyoe.com

လိုက်ကာ ခြေထောက်ကိုအပေါ်တင်၍...

"ငါ့ဖိနပ်တွေရေ... မင်းတို့ ဒီနေရာမှာ နှစ်နှစ်လောက်နေကြဦးပေါ့ကွာ၊ အေးအေးဆေးဆေးပဲ အနားယူကြ"

ယင်း၌ အယ်လ်ဒါကိုစီ ဇွတ်ပေနေတော့မည်ကိုသိကာ ရှိုဂယ်ဘိုင်သည် သူကိုယ်တိုင် ညစာမစားတော့ဘဲ အိပ်ရာကိုဝင်လေသည်။ သူ့အိမ်သားများလည်း သူ့နည်းတူ အိပ်စက်ကုန်ကြသည်။ အယ်လ်ဒါကိုစီလည်း ခုံတန်းရှည်တစ်ခုမှာ လဲလျောင်း၍ စောင်ကိုခြုံလိုက်လေသည်။

သို့သော် အိမ်ရှင်မို့ စိတ်ချလက်ချ ပထမဦးဆုံး အိပ်ပျော်သွားသူက ရှိုဂယ်ဘိုင်။ ရှိုဂယ်ဘိုင်၏ဟောက်သံက တဲထဲမှာ တရှူးရှူး မြည်သောအခါ အိပ်မပျော်သေးသော အယ်လ်ဒါကိုစီသည် လဲလျောင်းရာမှထ၍ သိုးသားတွေ တစ်ယောက်တည်း ကြိတ်ပစ်လိုက်တော့၏။ ပြီးလျှင် ရှိုဂယ်ဘိုင်၏ ဖိနပ်ဟောင်းတစ်ရန်ကို ပြုတ်အိုးထဲ ပြန်ထည့်ထားလိုက်သည်။

ထို့နောက် အိပ်ရာပေါ် ပြန်လဲလျောင်းပြီး အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

အချိန်တော်တော် ကြာသောအခါ၌ ရှိုဂယ်ဘိုင် အိပ်ရာမှ နိုးလေသည်။ ခေတ္တနားစွင့်နေလိုက်ကာ အယ်လ်ဒါကိုစီ အိပ်ပျော်နေပြီဟု စိတ်ချလက်ချဖြင့် အိပ်ရာမှထ၍ သူ့ဇနီးနှင့် သမီးကို နှိုးသည်။

"ထကြ... ထကြ၊ တို့သိုးသား စားကြရအောင်"

သို့သော် သားအမိ သားအဖ သုံးယောက်သား သူ့ဖိနပ်ဟောင်းကို ဆယ်စားမိရက်သား ဖြစ်နေကြ၍ မှောင်ထဲမှာ ဓားနှင့်လည်း တော်တော်နှင့် လှီးမရ။ လှီးရသော်လည်း ပါးစပ်ထဲမှာ ဝါးမရ။ ထိုအခါ ရှိုဂယ်ဘိုင်က...

"ဒါဟာ... ဟိုမကောင်းဆိုးဝါးကောင်ရောက်လာလို့ ငါတို့ သိုးသားမနူးနိုင် ဖြစ်နေတာပဲ၊ ကိစ္စမရှိဘူး ဒီအတိုင်းပဲထား၊ အိုးထဲ ပြန်ထည့်ကြ၊ သင်း မရှိတော့မှ တို့ ကျကျနန နူးအောင် ပြန်ချက်စားကြမယ်"

ဤသို့ဖြင့် သူတို့ ဖိနပ်ဟောင်းအပိုင်းအစများကို အိုးထဲပြန်ထည့်ကြသည်။ ထို့နောက် ယခုစားရန်အတွက် သူ့ဇနီးအား ညနေက နယ်ထားသော ဂျုံတို့ကို ကိတ်မုန့်ဖုတ်စေလေသည်။

မုန့်ကျက်သောအခါ ရှိုဂယ်ဘိုင်သည် အေးအောင်မစောင့်နိုင်တော့

mgyoe.com

mgyoe.com
ဘဲ သူ့အပေါ်ရှိ အင်္ကျီအပွကြီးထဲ ထွေးလုံးထည့်ကာ အပြင်မှာ သူ့မြင်း၊ သိုး၊ ဆိတ်တို့ကို ကြည့်ရင်း စားမည်ဟု တဲထဲမှထွက်ခဲ့၏။ သို့သော် မိုးလင်းအားကြီး အချိန်ဖြစ်နေလေရာ သူ့နောက်က အယ်လ်ဒါကိုစီ လိုက်လာလျက်...

"အို... ရှီဂယ်ဘိုင် ခင်ဗျား ဘယ်သွားမလို့လဲ၊ စောစောစီးစီး ကျုပ်ခုမနက် ပြန်တော့မလို့၊ ခင်ဗျား နှုတ်မဆက်ဘဲ ဘယ်သွားလို့ ကောင်းမလဲ"ဟု (သူတို့ လူမျိုးထုံးစံ) ရှီဂယ်ဘိုင်ကို ဖက်လဲတကင်း ပြုသောအခါ၌ အင်္ကျီထဲ ထည့်ခဲ့သော ဖုတ်ပြီးစ ကိတ်မုန့်တို့သည် ရှီဂယ်ဘိုင်ဝမ်းဗိုက်ကို ပူလောင်လေ၏။ ရှီဂယ်ဘိုင်သည် ခဏသော် အောင့်ခံနိုင်ပါသေး၏။ ကြာသော် မတတ်နိုင်တော့ပြီဖြစ်၍ အယ်လ်ဒါ ကိုစီ တမင်လုပ်မှန်းလည်း သိသွားသည်နှင့် ကိတ်မုန့်တွေ အင်္ကျီထဲမှ ခါထုတ်ကာ စိတ်ဆိုးမာန်ဆိုးဖြင့်...

"ဟာ... ဒါတွေ ခွေးပဲ စားပါစေတော့ဟာ"

ထိုအခါ အယ်လ်ဒါကိုစီက "ဟာ... ဒီလောက်ကောင်းတဲ့ ကိတ်မုန့်တွေ ခွေးစားစေမယ့်အစား ကျုပ်ပဲ ကျွေးပါတော့ဗျာ"ဟု ပြောပြောဆိုဆိုနှင့် ကောက်စားတော့ကာ "ဟာ... ခင်ဗျားမိန်းမ မုန့်လုပ်တာတယ် ကောင်းပါလားဗျာ၊ ဒါလောက်ကောင်းတဲ့ ကိတ်မုန့်များ ကျုပ် မစားရတာ ကြာလှပါပြီ"ဟု ဆို၍ အားရပါးရကြိတ်တော့၏။ ရှီဂယ်ဘိုင်ကား ဘာမျှ ပြန်မပြောတော့ဘဲ မျက်နှာရှစ်ခေါက်ချိုးနှင့် သူ့မြင်းကိုစီး၍ စားကျက်လွင်ပြင်ထဲသို့ ထွက်ခွာသွားလေ၏။

ညနေ ပြန်လာသောအခါ အလို...ဘုရား...ဘုရား၊ အယ်လ်ဒါကိုစီကို သူ့တဲထဲမှာပဲ တွေ့ရ၍...

"ဟော့...မင်း မနက်က ပြန်တော့မလို့ ငါ့ နှုတ်ဆက်တယ်ဆို"

"ဟုတ်တယ်၊ နောက်တော့ ဒီမှာပဲ ဆက်နေချင်စိတ်ပေါ်တာနဲ့ မပြန်ဖြစ်တော့ဘူး ခင်ဗျာ့"

ရှီဂယ်ဘိုင်မှာ သူ ဖွတ်အတင်း ဧည့်သည်ကို နှင်မထုတ်နိုင် ဖြစ်၍ လက်လျှော့လိုက်ရသည်။

နောက်တစ်နေ့နံနက်တွင် ရှီဂယ်ဘိုင်သည် စားကျက်သို့ ထွက်ရန် ပြင်ဆင်ပြီး သူ့ဇနီးအား...
mgyoe.com

mgyoe.com

"ငါ့အတွက် ဒိန်နို့ရည် ပေးလိုက်ပါဟေ့၊ အယ်လ်ဒါကိုစီတော့ မသိစေနဲ့နော်"

သူ့ဇနီးသည် ကောင်းမွန်စွာ စိမ်ထားသော ဒိန်နို့ရည်ကို သားရေအိတ်ပြားထဲမှာ ထည့်၍ပေးလိုက်သည်။ ရှိဂယ်ဘိုင်သည် ထိုအိတ်ကို သူ့အင်္ကျီဝတ်ရုံထဲမှာ ချိုင်းညှပ်၍ တဲထဲမှ ထွက်ခဲ့သည်။

ယင်းအခိုက် အယ်လ်ဒါကိုစီ ရုတ်တရက် ရောက်လာပြီး ရှေ့နည်းတူ ဖက်လဲတကင်း ပြုပြန်သဖြင့် သားရေအိတ်အဆို့ ပွင့်၍ ဒိန်နို့ရည်တွေ သူ့အင်္ကျီထဲ ဖိတ်ကုန်တော့သည်။ ရှိဂယ်ဘိုင်သည် စိတ်ဆိုးဆိုးနှင့် ထိုအိတ်ကို အယ်လ်ဒါကိုစီထံ ပစ်ပေးလိုက်ပြီး...

"ရော့... မျိုဆို့တော့"

အယ်လ်ဒါကိုစီက...

"မိတ်ဆွေကြီးက ဒီလို သဒ္ဓါဒေးယျပေးလို့မှ ကျုပ် မသောက်ရင် ရိုင်းရာကျမှာပေါ့ဗျာ"ဆိုပြီး တစ်ချိုတည်း အကုန်မော့ပစ်လိုက်၏။ ရှိဂယ်ဘိုင်မှာ မနေ့ကအတိုင်းပင် ဆာလောင်စွာနှင့် စားကျက်လွင်ပြင်ထဲသို့ ထွက်ခွာသွားရလေသည်။ အယ်လ်ဒါကိုစီကား တဲထဲပြန်လာခဲ့ကာ ရှိဂယ်ဘိုင့်ဇနီး၊ သမီးနှင့် လေပန်းနေတော့၏။

ဤသို့လျှင် အယ်လ်ဒါကိုစီသည် ရှိဂယ်ဘိုင်တဲမှာ ရက်ပေါင်းများစွာ နေလေသည်။ ရှိဂယ်ဘိုင်မှာ ဧည့်များသည့် ဇွတ်သမားကို ဘယ်လိုမှ မတတ်နိုင်ဘဲ မသဒ္ဓါရေစာ ကျွေးမွေးနေရတော့၏။ သို့သော် သူ့စိတ်ထဲ၌ကား အယ်လ်ဒါကိုစီကို နှင်ထုတ်ရန်နှင့် သူ့ကို ညည်းပန်းနေသမျှ ကလဲ့စားချေရန် မပြတ်ကြိုးစား ကြံစည်လျက်ရှိသည်။ သူ နေ့ညမနား စဉ်းစားသည်။ နောက်ဆုံး၌ အကြံရလေတော့၏။

အယ်လ်ဒါကိုစီသည် သူ၏ တစ်ကောင်တည်းသောမြင်းကိုစီး၍ လာခဲ့ခြင်း ဖြစ်သည်။ သူ့မြင်းမှာ ထိပ်တွင် ညောင်ရွက်လောက် ကြာရွက် ရှိသည်။ သည်မြင်းကို တစ်နည်းနည်းကြံ၍ သတ်စားပစ်လိုက်ရသော် ဒီကောင် ဒီမှာ အတင်းကပ်ရပ် စားသောက်နေတာလည်း ကျေမည်၊ သင်းလည်း ခြေချိုးလိုက်သလိုဖြစ်၍ ကောင်းကောင်းကြီး ဒုက္ခရောက်မည်၊ ဟုတ်ပြီ။

mgyoe.com

mgyoe.com

ရှိဂယ်ဘိုင် ဤအကြံရသည်မှာ မြင်းဇောင်းထဲ၌ သူ့မြင်းများနှင့် အတူထားသော အယ်လ်ဒါကိုစီ၏ မြင်းကို ကြည့်ရင်းကြည့်ရင်း စိတ်ကူး ပေါက်ခြင်း ဖြစ်သည်။

ဒါကို မျက်စိ၊ နား အလကားမနေသော လူပါး အယ်လ်ဒါကိုစီ က မရိပ်မိဘဲမနေ။ မိမိမြင်းကို ရှိဂယ်ဘိုင် ကြည့်ကြည့်နေပုံကို အကဲခတ် ခြင်းအားဖြင့် သင်းအကြံ စဉ်းစားမိ၍ ထို့နေ့ညတွင် အယ်လ်ဒါကိုစီသည် သူ့မြင်းထိပ်က ကြာကို အိုးမည်းများနှင့် သုတ်လိမ်းလိုက်သည်။ ရှိဂယ်ဘိုင် ၏အကောင်းဆုံး မြင်းတစ်ကောင် နဖူးမှာ သူ့မြင်းက ကြာပုံအတိုင်း မြေဖြူ မှုန့်များ လိမ်းကျံလိုက်သည်။ ပြီးလျှင် တဲထဲပြန်ဝင်၍ အိပ်နေလိုက်သည်။

ထိုည သန်းခေါင်လောက်မှ ရှိဂယ်ဘိုင်သည် သူ့မြင်းဇောင်းထဲမှ ထိပ်က ကြာနှင့် မြင်းကို အပြင်ဆွဲထုတ်သွားပြီး သတ်၍ အော်လိုက်သည် မှာ...

“ဟေး... အယ်လ်ဒါကိုစီ၊ အယ်လ်ဒါကိုစီ၊ မင်းတော့ ကံဆိုး မိုးမှောင်ကျပါပေါ့။ ဒီမှာ မင်းမြင်း ဘာဖြစ်လို့လဲမသိဘူး။ တုံးလုံးကြီး သေနေပြီ”

သို့သော်... အယ်လ်ဒါကိုစီက အိပ်ရာထဲမှပင် မထဘဲ အေးဆေး သောအသံဖြင့်...

“ကိစ္စမရှိပါဘူး ရှိဂယ်ဘိုင်၊ ကျုပ် မြင်းသားစားရတာပေါ့။ သိပ်အော်မနေပါနဲ့...”

ရှိဂယ်ဘိုင်သည် ဂြိုဟ်ကောင်ကို ကလဲ့စားချေရပြီဟု အလွန် ဝမ်းသာအားရ ဖြစ်သွား၏။ သို့သော် နံနက်ကျမှ သိသည်။ သောက်ကျိုး နည်း ကိုယ့်မြင်းကို သတ်မိနေပြီကော။

အလွန်ခံပြင်း၍ ဒေါသလည်းထွက်လှ၏။ သို့သော် ကိုယ့်မိုက်ပြစ် နှင့်ကိုယ် ဘာမျှမတတ်နိုင်။ ဒီမြင်းသားနှင့်ပင် အယ်လ်ဒါကိုစီအား ကျွေးထား လိုက်ရသေး၏။

ဤမြင်းသားကုန်သောအခါ အယ်လ်ဒါကိုစီသည် ဒီမှာ နေရတာ ငြီးငွေ့လာပြီ။ သူ့နေရပ်ထံသို့ ပြန်ချင်ပြီ။ သို့သော် ချောမောလှပသော ရှိဂယ်ဘိုင်၏ သမီးပျိုလေးကို မြင်စကပင် ချစ်မိ၏။ သနားလည်း သနားမိ

mgyoe.com

၏။ ဒီကောင်မလေး ဒီမှာသာနေရလျှင် သူ့အဖေလိုပဲ လူရာမဝင်၊ နမြော ကပ်စေးနဲမျိုး ဖြစ်သွားတော့မည်။ ဒါလေး ရအောင် ခေါ်သွား၍ မိမိနှင့် လက်ထပ်လိုက်ရသော် နိပ်ဟဲ့ဟု စိတ်ကူးရ၏။

ကောင်မလေးကလည်း တွေ့မြင်စကပင် ရဲရင့်ပျော်ရွှင်တတ်သော အယ်လ်ဒါကိုစီကို သဘောကျ၍ တိတ်တခိုးမျက်စိဖြင့် အခွင့်ရတိုင်း ကြည့်မိ၏။ ဤမိန်းကလေး၏နာမည်မှာ ဘစ်ဖ်၊ မြန်မာလို ဆီလျော်အောင် ပူစူးဟု ဆိုကြပါစို့။

တစ်ခုသော နံနက်ခင်း၊ ထုံးစံအတိုင်း ရှီဂယ်ဘိုင်သည် စားကျက် လွင်ပြင်သို့သွားရန် မြင်းကို ကုန်းနှီးတပ်ဆင်နေစဉ် အယ်လ်ဒါကိုစီသည် အနီးသို့ ချဉ်းကပ်လာ၍...

"ရှီဂယ်ဘိုင်၊ ကျုပ် ခင်ဗျားဆီမှာ ဧည့်သည်အဖြစ်နဲ့ နေခဲ့တာ တော်တော် ကြာခဲ့ပြီ။ ဒါ့ကြောင့် ခုမနက်တော့ ကျွန်တော် ပြန်တော့မယ်"

ရှီဂယ်ဘိုင်သည် ဒီလို ရှောရှောရှူရှူ သွားတော့မည်ဆိုသည်ကို မယုံနိုင်သော မျက်စိဖြင့် ကြည့်သည်။

"ဟုတ်ပါတယ် ရှီဂယ်ဘိုင်ရဲ့၊ ခင်ဗျား ညနေပြန်လာတဲ့အခါမှာ ကျုပ်ကို ဘယ်နည်းနဲ့မှ တွေ့ရတော့မှာ မဟုတ်ဘူး၊ စိတ်ချပါ။ ကျုပ် တစ်ခုတော့ ခင်ဗျားဆီက လိုချင်တယ်ဗျာ။ ခင်ဗျား မနေ့က ဖိနပ်ချုပ်နေတဲ့ ပွတ်စူးလေးလေ အဲဒါလေးတော့ ပေးလိုက်ပါ။ ကျုပ်မှာ ဖိနပ်ဟောင်းတွေ ချုပ်စရာ ရှိနေလို့"

တစ်မိုက်မျှသာရှိသော လက်ပွတ်စူးကလေးမှာ ဘာမျှ တန်ဖိုး ရှိသည်မဟုတ်၍ ရှီဂယ်ဘိုင်က လွယ်ကူစွာပင်...

"အာ... ယူသွားပါ၊ ငါ့မိန်းမဆီမှာ ရှိတယ်။ ကဲ... နေမြင့်ပြီ ငါ သွားတော့မယ်"ဆို၍ မြင်းပေါ်တက်လေ၏။ အယ်လ်ဒါကိုစီသည် ချက်ချင်းပင် တဲထဲဝင်ကာ ရှီဂယ်ဘိုင့်ဇနီးအား...

"ကဲ... ပူစူးကို ကျွန်တော်နဲ့ ထည့်လိုက်ပေရော့၊ သူ့အဖေကို ကျွန်တော် ပြောပြီးပြီ"

မအေကြီးက မယုံကြည်နိုင်ဘဲ...

"ဟဲ့... နင့်လို မြင်းတစ်ကောင်နဲ့ ခြေသလုံးအိမ်တိုင်ကို ငါ့လင်က

mgyoe.com

mgyoe.com

သူ့သမီး ပေးမတဲ့လား၊ နင် ရူးနေသလား"

"ကျွန်တော် မရူးပါဘူး။ ခင်ဗျားယောကျ်ား အခု အပြင်မှာ မြင်နိုင်ပါသေးတယ်။ လှမ်းမေးလိုက်ပါလား"

ရှိုဂယ်ဘိုင့် ဇနီးသည် တဲပြင် ကပျာကယာထွက်၍ မြင်းနှင့်သွားနေပြီဖြစ်သော ရှိုဂယ်ဘိုင်အား...

"ရှိုဂယ်ဘိုင်...ရှိုဂယ်ဘိုင်၊ ဒီမှာ အယ်လ်ဒါကိုစိက ပူစူးကို သူ့ပေးလိုက်ရမယ်ဆို"

ရှိုဂယ်ဘိုင်သည် နောက်ကို မကြည့်ဘဲ...

"အေး...ပေးလိုက်စမ်းပါကွာ၊ ဒီကောင် မြန်မြန်သွားမှ မြန်မြန်အေးမှာပါ"

ရှိုဂယ်ဘိုင့်ဇနီးမှာ အံ့ဩစွာနှင့် အဟုတ်မှတ်ကာ လင့်ဩဇာကို မလွန်ဆန်ဝံ့ဘဲ သမီးအား အယ်လ်ဒါကိုစီနှင့် ထည့်လိုက်ရလေ၏။

အယ်လ်ဒါကိုစီသည် ထိပ်မှာ ကြာကွက်ကြီးဖွေးဖွေးနှင့် သူ့မြင်းကြီးပေါ်တွင် မိန်းမပျိုကို ရှေ့မှာတင်စီး၍ ရှိုဂယ်ဘိုင်တို့တဲမှ ထွက်ခွာခဲ့လေ၏။

"အချစ်ကလေးရေ၊ မင်း ဘာမှမပူနဲ့၊ စေတနာ သဒ္ဓါတရားရှိတဲ့ လူကောင်းသူကောင်းတွေထဲမှာ မောင်နဲ့အတူ မင်းမိဘကပ်စေးနဲကြီးတွေနဲ့ နေရတာထက် ပျော်ရပါစေမယ်"

မိန်းကလေးသည် အယ်လ်ဒါကိုစီကို မျက်လုံးတစ်ချက် မော်ကြည့်ပြီး ရင်ခွင်မှာ မှီလိုက်သည်။

အယ်လ်ဒါကိုစီ မြင်းကြီးသည် မိန်းကလေး မိဘများဌာနေမှ ဝေးသည်ထက် ဝေးရာသို့ နှင်ခဲ့ပြီ။

ညနေ ရှိုဂယ်ဘိုင် သူ့တဲသို့ ပြန်ရောက်၍ သမီး ပါသွားကြောင်း သိရသောအခါ ဒေါသအမျက်ချောင်းချောင်းထွက်လျက် မြင်းကို ကဆုန်စိုင်း၍ အယ်လ်ဒါကိုစီသွားရာ လိုက်ပါသေး၏။ သို့သော် အချည်း နှီးတည်း။ အယ်လ်ဒါကိုစီနှင့် သူ့ဇနီး အသစ်စက်စက်ကလေးကို သတင်း အစအနမျှ မရခဲ့တော့ပါတကား။

၀

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

တောစောင့်နတ်၏ ကြိုတ်ဆုံ

ရှေးသရောအခါ ညီအစ်ကိုနှစ်ယောက် ရှိကြလေရာ အစ်ကိုသည် ချမ်းသာပြီး ညီသည် ဆင်းရဲ၏။

အစ်ကိုသည် အိမ်နီးနားချင်းများနှင့် ဖော်ရွေစွာ ဆက်ဆံသလောက် သူ့ညီအပေါ်တွင်မူ မသိကျိုးကျွန်နေ၏။ အကြောင်းမူ မိမိထံတွင် ညီဖြစ်သူသည် ချေးလားငှားလားလုပ်မှာ စိုးရိမ်၍ဖြစ်၏။

သို့တိုင်အောင် ညီဖြစ်သူသည် သူ့အစ်ကိုထံမှ ဘာအကူအညီမှ မတောင်းခံခဲ့။ အစ်ကိုလုပ်သူအနေနှင့်ကလည်း တတ်စွမ်းနိုင်သော အခြေရှိနေပေမင့် ဘယ်အကူအညီမျိုးကိုမှ မပေးခဲ့ချေ။ သို့နှင့် ရက်အား တစ်နေ့သို့ ရောက်လာခဲ့လေသည်။

ညီ၏အိမ်တွင် ဘာမှ မည်မည်ရရမရှိလေရာ ဇနီးလုပ်သူက...

"ကျွန်မတို့ ဒီရက်အားကိုကုန်လွန်အောင် ဘယ်လိုအသုံးချရင် ကောင်းမလဲ၊ ရှင့်အစ်ကိုဆီသွားပြီး အသားနည်းနည်းလောက် သွားချေးချည်ပါလား၊ မနေ့က ရှင့်အစ်ကို နွားတစ်ကောင်သတ်နေတာ ကျွန်မ တွေ့ခဲ့တယ်"ဟု တိုက်တွန်း၏။

ညီအနေနှင့်က သူ့အစ်ကိုဆီသွားလိုသော ဆန္ဒမရှိ။ သူ့ဇနီး

mgyoe.com

ကိုလည်း သည်အတိုင်းပဲဖွင့်ပြော၏။ ပြောပင်ပြောလိုက်ရငြားလည်း တခြားက ရပေါက်ရလမ်းကလည်း ဘယ်လိုမှမမြင်။ သို့ဖြစ်ရာ နောက်ဆုံး၌ ဇနီးသည် အကြံပေးသည့်အတိုင်း အစ်ကိုထံသို့ ခြေဦးလှည့်ခဲ့ရတော့၏။

"အစ်ကို... ကျွန်တော့်ကို အသားနည်းနည်းလောက် ချေးပါ။ ဒီရက်အားမှာစားဖို့ အိမ်မှာ ဘာမှမရှိလို့ပါ" ညီကဆို၏။

ဤတွင် အစ်ကိုက နွားခွာတစ်ခုကိုပစ်ပေးရင်းနှင့် အော်ပြောလိုက်သည်။

"အဲဒါကိုယူပြီး တောစောင့်နတ်ဆီ သွားပေတော့..."

ဆင်းရဲသားသည် သူ့အစ်ကိုအိမ်မှထွက်ခွာခဲ့ပြီး တွေးတောမိသည်မှာ "အစ်ကိုကတော့ နွားခွာတစ်ခု ပေးလိုက်ပါရဲ့၊ ဒါပေမဲ့ ဒါဟာ ငါ့အတွက်မဟုတ်ဘူး၊ တောစောင့်နတ်အတွက်၊ ဒီတော့ ဒီနွားခွာကို အစ်ကိုပြောသလို တောစောင့်နတ်ကို သွားပေးလိုက်မှပါ"

ယင်းသို့ဖြင့် ဆင်းရဲသားသည် တောထဲသို့ထွက်ခွာလာခဲ့လေ၏။

သို့ကလို ဆင်းရဲသားသည် တောထဲတွင်လျှောက်လည်ခဲ့ရာ တစ်စုံတစ်ယောက်ကို မတွေ့မမြင်မိ။ သို့ရာတွင် မကြာမီ သစ်ခုတ်သမားအချို့နှင့် ပက်ပင်းတိုးလေ၏။

"မင်း... ဘယ်သွားမလို့လဲ..."

သစ်ခုတ်သမားများက သူ့အား မေးလိုက်သည်။

"ဟောဒီက နွားခွာကိုပေးဖို့ တောစောင့်နတ်ဆီ သွားမလို့ပါ" ဟု ၎င်းက ပြန်လည်ဖြေကြားရင်း သစ်ခုတ်သမားတို့ကို တစ်ဆက်တည်း မေးလိုက်သည်။

"ခင်ဗျားတို့ သူ့နတ်ကွန်း ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြနိုင်ကြမလား"

"မင်း ဘယ်လမ်းမှမချိုးဘဲ ရှေ့တည့်တည့်ကိုသာသွား၊ နတ်ကွန်းကို ရောက်လိမ့်မယ်၊ တောစောင့်နတ်နဲ့တွေ့ပြီး မင်းက နွားခွာပေးလိုက်ရင် သူက မင်းကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပထမ ငွေတွေပေးလိမ့်မယ်၊ အဲဒါလည်း မင်းမယူနဲ့၊ ဒီအခါမှာ မင်းကို ဘာအလိုရှိသလဲ မေးလိမ့်မယ်။ ဒီတော့ကျမှ မင်းက ကြိတ်ဆုံ အလိုရှိကြောင်းပြော၊ ကြိတ်ဆုံကလွဲပြီး ဒီပြင်

mgyoe.com

သူ ဘာပေးပေး မင်း လက်မခံလေနဲ့။ ခု တို့ပြောတာတွေကို စွဲစွဲမြဲမြဲ လိုက်နာပါ"

သစ်ခုတ်သမားများက အမှာစကားနှင့်တကွ လမ်းညွှန်ပြလိုက်ကြသည်။

ဆင်းရဲသားသည် သစ်ခုတ်သမားများအား ကျေးဇူးတင်ကြောင်း ပြောကာ နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

ယင်းသို့ဖြင့်လာခဲ့ရာ ဆင်းရဲသားသည် တောစောင့်နတ် စံပျော်ရာနတ်ကွန်းဆီသို့ ချောချောမောမော ရောက်လေတော့၏။ ထိုမှာ သူသည် တောစောင့်နတ်အား အခန့်သင့်တွေ့မြင်လိုက်လေ၏။

တောစောင့်နတ်သည် ၎င်းဝင်လာသည်ကို မမှိတ်မသုန် ကြည့်ရင်းက ပြောသည်။

"အိမ်း... လူတွေကတော့ ငါ့ကို စားကောင်းသောက်ဖွယ်နဲ့ ပူဇော်ပသကြမယ်လို့ တဖွဖွတော့ ပြောကြပေရဲ့၊ ဒါပေမဲ့ တကယ့်လက်တွေ့ကျတော့ အပြောနဲ့အဟောမညီကြပါဘူးကွာ၊ ဒါ့ထက် မင်းရော ငါ့ဖို့ ဘာပါခဲ့သလဲဟေ့"

"နွားခွာ ပါခဲ့ပါတယ်ခင်ဗျာ့"

ဤစကားကို ကြားလိုက်သည်၌ တောစောင့်နတ်၏မျက်နှာသည် ရေထိပန်းလို ချက်ချင်းရွှင်လန်းလာ၏။ တောစောင့်နတ်သည် ဟန်ဆောင်မှု ကင်းမဲ့စွာဖြင့် ဝမ်းသာအားရ ပြောလိုက်သည်။

"ငါဟာ အနှစ်သုံးဆယ်လုံးလုံး အသားဆိုလို့ ဘာအသားမှ မစားခဲ့ရဘူး၊ ဘယ်မှာလဲ မင်း နွားခွာ၊ ပေးစမ်း...ပေးစမ်း"

ပြောပြောဆိုဆို တောစောင့်နတ်သည် နွားခွာကိုယူ၍ အာသာရမ္မက်ငမ်းငမ်းတက်စွာဖြင့် စားပစ်လိုက်သည်။

"မင်း နွားခွာအတွက် ငါ အဖိုးအခပေးချင်တယ်၊ ဒီအတွက် မင်းအနေနဲ့ မြက်မြက်ကလေးလိုချင်သပဆိုရင် ဟောဒီငွေတွေကို လက်နှစ်ဆုပ်စာ အပြည့်ယူသွားပေတော့"

စားသောက်ပြီးသည်၌ တောစောင့်နတ်က ငွေပုံကို လက်ညှိုးထိုးပြလိုက်သည်။

mgyoe.com

mgyoe.com

"ကျွန်တော့်အတွက် ငွေမလိုပါဘူး ခင်ဗျာ" ဆင်းရဲသားက ပြန်ပြောလိုက်သည်။ ဤစကားကို ကြားလိုက်သည်၌ တောစောင့်နတ်သည် ရွှေများကိုယူလာပြီး ရေးနည်းအတိုင်းယူဖို့ ပြောပြန်၏။

"ကျွန်တော် ရွှေမမက်ပါဘူး ခင်ဗျား"

ဆင်းရဲသားက ဆိုလိုက်ပြန်သည်။

"ဒါဖြင့် မင်း ဘာလိုချင်သလဲ"

"အရှင်နတ်မင်းရဲ့ ကြိတ်ဆုံကို လိုချင်ပါတယ်"

"အို... ဒါတော့ ဘယ်ဖြစ်မလဲ၊ မင်း ပိုက်ဆံလိုချင်ရင်တော့ မင်း ကြိုက်သလောက် ငါ ပေးနိုင်ပါရဲ့"

သို့သော်လည်း ဆင်းရဲသားသည် တောစောင့်နတ်ပြောသည်ကို လက်ခံသဘောတူခြင်း မရှိ။ ထိုမျှမက ဆင်းရဲသားသည် ကြိတ်ဆုံကိုသာ ပေးဖို့ ဆက်လက်အရေးဆိုလျက်ရှိ၏။ တောစောင့်နတ်မှာ ဆားကျပ် နံကျပ် ဆိုသလို ဖြစ်နေရတော့၏။ နောက်ပြီး သူ့စကားနှင့်သူ ကိုယ့်ရှူး ကိုယ်ပတ် ဆိုသလို ထွက်ပေါက်မရှိအောင် ဖြစ်နေရလေ၏။ ထို့ကြောင့် တောစောင့် နတ်က မသက်မသာဆိုလိုက်သည်။

"အေး... ငါက မင်းဥစ္စာ စားပြီးနေမှကိုး၊ ငါ့အနေနဲ့ မင်းပြော သလို လိုက်လျောရတော့မှာပေါ့ကွာ၊ ဒီတော့ ကြိတ်ဆုံကို မင်းယူပေ ဦးတော့ပေါ့လေ၊ ဒါထက် မင်းအနေနဲ့ကော ဒီကြိတ်ဆုံကို ဘယ်လို အသုံးပြု ရမယ်ဆိုတာ သိရဲ့လား"

"ဟာ... မသိဘူး ခင်ဗျ၊ ကျွန်တော့်ကို အဲဒီအတွက် ကူညီပါဦး"

"ဒီလိုဆိုလည်း ပြောရသေးတာပေါ့ကွာ၊ ဒါပေမင့် ဒီကြိတ်ဆုံဟာ နှယ်နှယ်ရရတော့ မဟုတ်ဘူး၊ ဒီကြိတ်ဆုံဟာ လိုတရဖြစ်တယ်၊ မင်း တစ်ခုခု လိုချင်တာရှိတဲ့အခါ ကြိတ်ဆုံရေ...ကြိတ်လိုက်စမ်းပါလို့ ပြောလိုက်ရုံနဲ့ သူ့ဘာသာသူ ကြိတ်ပြီး အဲ... မင်းက ရပ်စေချင်တဲ့အခါကျရင်လည်း တော်လောက်ပါပြီလို့ ပြောလိုက်တာနဲ့ သူ့အလိုအလျောက် ရပ်ပြီးသား ဖြစ်နေလိမ့်မယ်။ ကဲ... ဒါပဲ၊ မင်းလည်း သွားပေဦးတော့"

ဆင်းရဲသားသည် အချိန်အတော်ကြာအောင်ပင် တောလမ်းခရီးကို နှင်လာခဲ့ရသည်။ သို့နှင့် မိုးစုပ်စုပ်ချုပ်လာခဲ့လေ၏။ ထိုအခါတွင် လေကြီး

mgyoe.com

မိုးကြီး ကျရောက်လေ၏။ မိုးဒဏ်လေဒဏ်တို့ကြောင့် သစ်ခက် သစ်ရွက်များ ကြွေကျလာ၏။ သစ်ကိုင်းသစ်ခက်တို့သည် ဆင်းရဲသား၏ မျက်နှာပေါ်သို့ အရှိန်ပြင်းစွာ ကျလာကုန်၏။ သို့နှင့် အရဏ်လင်းတော့၏။ သည်တော့မှ ဆင်းရဲသားခမျာ အိမ်သို့ ရောက်လေတော့၏။

ဆင်းရဲသားသည် တောစောင့်နတ်အား ကျေးဇူးတင်ကြောင်း ပြောကာ သူ့အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်ပြန်ရောက်သည်၌ ဇနီးလုပ်သူ၏ ကရုဏာဒေါသော ပြစ်တင်မှုကို ရင်ဆိုင်ရလေ၏။

"ဘယ့်နှယ်လဲ ရှင့်၊ တစ်နေ့နဲ့ တစ်ညလုံးလုံး ဘယ်များ သဝေထိုးနေသလဲ။ ဒီကဖြင့် သေသလား၊ ရှင်သလားဆိုပြီး စိတ်ပူလိုက်ရတာ"

"ဘယ်ကိုမှ အလေလိုက်နေတာ မဟုတ်ပါဘူးကွာ၊ တောစောင့်နတ်ဆီ ရောက်နေတာပါ။ ဒီမှာ ကြည့်စမ်း... သူ ပေးလိုက်တာ"

ဆင်းရဲသားက ပြောပြောဆိုဆို လွယ်အိတ်ထဲမှ ကြိတ်ဆုံကို ထုတ်လိုက်ပြီး...

"ကဲ... ငါတို့အတွက် စားကောင်းသောက်ဖွယ်တွေကို ကြိတ်လိုက်စမ်းဟေ့"ဟု တစ်ဆက်တည်း အမိန့်ပေးလိုက်သည်။

ဤတွင် ကြိတ်ဆုံသည် စတင်လှုပ်ရှားပြီး လည်လေတော့၏။ ပြီးနောက် စားပွဲပေါ်သို့ ဂျုံမှုန့်၊ ဂျုံစေ့၊ သကြား၊ သားငါးနှင့် အခြား လိုအပ်သည့် အစားအစာအားလုံးကို သွန်ချပေးလေသည်။ ထိုအခါ ဆင်းရဲသူမသည် အိုး၊ ခွက်၊ ပန်းကန်၊ အိတ်တို့ဖြင့် ယင်းအစားအစာတို့ကို ဝမ်းသာအယ်လဲ အပြည့်သွန်သိပ်ထည့်လေ၏။

"တော်လောက်ပါပြီ"

ထိုစဉ်ကြိုက်ဝယ် ဆင်းရဲသားသည် ကြိတ်ဆုံကို လက်ဖြင့် ခေါက်ရင်း ပြောလိုက်သည်။ ဤတွင် ကြိတ်ဆုံသည် လည်ပတ်နေရာမှ ချက်ချင်းရပ်တန့်သွားပြီး ပကတိအတိုင်း ပြန်ဖြစ်သွားလေ၏။

ထိုအခါမှစ၍ သူတို့မိသားစုသည် ယခင်ကလို စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့အခြေမှ လွတ်မြောက်လာခဲ့တော့၏။ လူတစ်လုံး သူတစ်လုံးဖြစ်လာခဲ့တော့သည်။ ကြိတ်ဆုံ၏ တန်ခိုးအာနိသင်ကြောင့် သူတို့မိသားစု

mgyoe.com

mgyoe.com

မှာ နေ့ချင်းညချင်း တသွေးတမွေး ဖြစ်လာခဲ့ရလေသည်။

ဆင်းရဲသားသည် သူ့ကြိတ်ဆုံကို သူ့မြင်းများကျွေးဖို့ အကောင်းဆုံးသော မုယောစပါးများ ထုတ်လုပ်ရန် အမိန့်ပေးလိုက်သည်။ ထိုမှစ၍ မြင်းများမှာလည်း ယခင်က အိပ်မက်မှ မမက်ဖူးခဲ့သော အစားအစာ များကို စားနိုင်ခွင့်ရလာခဲ့ကြတော့၏။

ထိုအချိန်တွင် ဆင်းရဲသား၏ အစ်ကိုအိမ်မှ အခိုင်းအစေသည် ရေကန်ဆီသို့ မြင်းများကိုမောင်းနှင်လာရာ ဆင်းရဲသား၏အိမ်ရှေ့မှ ဖြတ်သွားသည်တွင် ထိုအိမ်မှမြင်းများ အိမ်နံဘေးတွင် မုယောစပါးများကို မြိန်ယှက်စွာ စားသောက်နေခိုက်နှင့် ကြုံကြိုက်လေသည်ဖြစ်ရကား မြင်းအုပ်ချင်းပေါင်း၍ မုယောစပါးများကို အငမ်းမရ ဝင်ရောက်စားသောက် စေလေတော့၏ ။

ယင်းအဖြစ်အပျက်ကို ချမ်းသာသောသူသည် မိမိအိမ်မှ လှမ်းမြင်လိုက်ရာ ဝရန်တာဆီသို့ သုတ်သီးသုတ်ပျာ ပြေးထွက်လာပြီး...

"ဟေ့... ဒီမှာ..."

အစေခံကို အော်လိုက်ပြီး တစ်ဆက်တည်း အမိန့်ပေးလိုက်သည်။

"မြင်းတွေကို ခုချက်ချင်း အဝေးကို မောင်းသွားစမ်း"

သူ့စိတ်အထင်က သူ့မြင်းများသည် မသန့်ရှင်းသော အစာရေစာများ စားသောက်နေကြသည်ထင်၍ ဖြစ်၏။ ယင်းသည်ကို အစေခံသည် နားလည် သဘောပေါက်လိုက်သည်။

"သခင် ထင်သလို မြင်းစာတွေဟာ မညစ်ပတ်ပါဘူး။ မြင်းစာတွေဟာ တကယ့်ကို ထိတ်ထိတ်ကြဲ မုယောစပါးများ ဖြစ်ကြပါတယ်။ သခင့်ညီဟာ အခုချိန်မှာ အလုံးစုံပြည့်စုံကုံလုံ ကြွယ်ဝနေပါတယ်"

ထိုစကားကို ကြားလိုက်သည့်တစ်ခဏ၌ သူဌေးသည် မယုံကြည်နိုင်လောက်အောင် အံ့သြသွားရသည်။

မိမိ၏ညီသည် ယခုကဲ့သို့ ချက်ချင်းလက်ငင်း အခြေအနေ တိုးတက်လာသည်ကို ကိုယ်တိုင် စူးစမ်းလေ့လာလိုစိတ်မှာ တားမရ ဆီးမနိုင် ဖြစ်လာခဲ့သည့်အလျောက် သူဌေးသည် ညီအိမ်ဆီသို့ သွားရောက် မေးမြန်းခဲ့၏ ။

mgyoe.com

mgyoe.com

"မင်း ခုလောက်မြန်မြန် ဘယ်လို ချမ်းသာလာသလဲ၊ ဒီလောက်ကောင်းတဲ့ပစ္စည်းတွေကို မင်း ဘယ်ကရလာသလဲ"

ဆင်းရဲသားညီသည် ဖြစ်ကြောင်းရယ်ကုန်စင်ကို မကွယ်မဝှက် မထိမ်မချန် အမှန်အတိုင်း တောစောင့်နတ်ထံမှ ကြိတ်ဆုံရလာသည်အထိ ဖွင့်ဟပြောပြလေသည်။

"ကဲ... ဒါဖြင့် ငါ့ကို ကြိတ်ဆုံပြစမ်းပါ"

"ဒီလိုဆိုလည်း ပြရသေးတာပေါ့ဗျာ"

ညီက ပြောပြောဆိုဆို ကြိတ်ဆုံကိုထုတ်ပြပြီး တစ်ဆက်တည်း စားကောင်းသောက်ဖွယ်များပေးရန် အမိန့်ပေးလိုက်သည်။ ကြိတ်ဆုံသည်လည်း အမိန့်အတိုင်း တစ်သဝေမတိမ်း ပြုလုပ်ဆောင်ရွက်ပေးလေ၏။ ဤအခြင်းအရာများကို တပ်အပ်မြင်လိုက်သည်၌ အစ်ကိုသည် မျက်လုံးအဝိုင်းသား ဖြစ်သွားရလေသည်။

"အဲဒီကြိတ်ဆုံ ငါ့ကို ရောင်းပါကွာ"

အစ်ကိုက တောင်းတောင်းပန်ပန်နှင့် ပြောလိုက်သည်။

"အို... မရောင်းနိုင်ပါဘူး ခင်ဗျား၊ ဒါဟာ ကျွန်တော့်အတွက် မရှိမဖြစ် လိုအပ်နေတဲ့ဟာပဲ"

သို့သော်လည်း ချမ်းသာသောအစ်ကိုသည် အလွယ်တကူ အလျှော့မပေးသေးဘဲ ရောင်းဖို့ကိုသာ တွယ်ကပ်ပြောဆိုနေ၏။

"ရောင်းမှာသာ ရောင်းစမ်းပါကွာ၊ ဘယ်လောက် ပေးရမယ်ဆိုတာသာ ပြောပါ"

"ဒါဟာ ရောင်းဖို့မဟုတ်ဘူး"

သို့ဖြင့် နောက်ဆုံးတွင် အစ်ကို သူဌေးသည် တစ်ထစ်လျှော့သည့်သဘောဖြင့်...

"ဒါဖြင့်လည်း ငါ့ကို ခဏလောက်ငှားပါ"

ညီသည် အတန်ကြာကြာ တွေဝေစဉ်းစားပြီးမှ သဘောတူလိုက်လေ၏။

"ဒီလိုဆိုလည်း ငှားရတာပေါ့"

အစ်ကိုသည် သူ့ညီဆီမှ ကြိတ်ဆုံကိုရလိုက်သည်တွင် ဝမ်းမြောက်

mgyoe.com

mgyoe.com

ဝမ်းသာဖြစ်သွားပြီး နေအိမ်သို့ သုတ်ခြေတင်လေတော့၏။

တစ်ခုသောနံနက်ခင်းတွင် အစ်ကိုသည် ကြိတ်ဆုံနှင့်တကွ လှေငယ်တစ်စင်းဖြင့် ပင်လယ်ခရီးထွက်ခဲ့သည်။

"ခုချိန်မှာ ဆားဟာ အင်မတန်ရှားတဲ့အတွက် ဆားကုန်ကူးရင် ကောင်းမှာ"

သို့ကလို အတွေးရောက်သွားပြီး ၎င်းသည် ကြိတ်ဆုံကို ကောက်ကာငင်ကာ အမိန့်ပေးလိုက်သည်။

ကြိတ်ဆုံသည် အမိန့်အတိုင်း ဆားကောင်းဆားသန့်များကို ထုတ်လုပ်ပေးသည်။ သူသည် ဆားများကိုကြည့်လျက် အမြတ်အစွန်းကို မျှော်ကိုး၍ ပီတိတရွှန်းရွှန်း ဖြစ်နေ၏။

"ကြိတ်ပေး... ကြိတ်ပေး"

သူဌေးသည် အလိုလောဘရမ္မက်ကြောင့် ရပ်ခိုင်းသင့်သော်လည်း မရပ်မူဘဲ ဆက်၍သာ အမိန့်ပေးမြဲပေးလျက်...

"ကြိတ်ပေး... ကြိတ်ပေး"

နောက်ဆုံး ဆားများသည် လှေအပြည့်ဖြစ်လာပြီး လှေမှာလည်း ဆား၏အလေးချိန်ကြောင့် မြုပ်လုမြုပ်ခင်အခြေတွင် ရောက်နေတော့၏။

"ရပ်တော့ဟေ့... ကြိတ်ဆုံရေ့"

သည်တော့မှပဲ သူဌေးသည် သတိရတော့ပြီး အမိန့်ပေးလိုက်သည်။ သို့ပေမင့် ကြိတ်ဆုံက အမိန့်ကိုမနာခံဘဲ ကြိတ်မြဲကြိတ်လျက်နေ၏။

ဤတွင် သူဌေးသည် ကြိတ်ဆုံကို လှေပေါ်မှကန်ချဖို့ ပြုလုပ်သည်။ သို့သော် အချည်းနှီးသာ။

"ကယ်ကြပါ အရပ်ကရို့..."

သူဌေးသည် ဆောက်တည်ရာမရအောင်ဖြစ်ပြီး အော်ဟစ်အကူအညီ တောင်းလိုက်သည်။

သို့ပေသိ ပင်လယ်ပြင်တစ်ခုလုံးတွင် မိမိမှတစ်ပါး တခြား မည်သူမှ မရှိလေရာ သူဌေး၏ အကူအညီတောင်းခံခြင်းသည် သဲထဲ ရေသွန်သလို။

ယင်းသို့ဖြင့် သူဌေးရော လှေနှင့် ကြိတ်ဆုံပါ ပင်လယ်ပြင်၏ ဝါးမျိုခြင်းကို ခံလိုက်ရတော့သည်။
mgyoe.com

mgyoe.com

သည်တော့ ကြိတ်ဆုံကော ဘာဖြစ်သွားသနည်းဟု မေးစရာရှိလာသည်။ ကြိတ်ဆုံမှာ ပင်လယ်အတွင်း စုံးစုံးမြုပ်သွားတော့သည်။ ထို့ကြောင့် ပင်လယ်ကြီး ဆားခါတ်ပါ၍ ငန်နေရခြင်းဖြစ်လေသည်။

○

mgyoe.com

mgyoe.com

mgyoe.com

သမင်လူကလေးနှင့် ယီလီနာ

ယုံချင်လျှင်ယုံ၊ မယုံချင်လျှင် ပုံပြင်သာဖြစ်ပေသော ကျွန်ုပ်တို့ မြန်မာပြည် သရေခေတ္တရာ ရာဇဝင်တွင် ဗေဒါရီသည် သမင်မကမွေး၍ ရသေ့ကြီးက ကောက်ယူကျွေးမွေးခဲ့ရသည် မဟုတ်လား။ ဒါသည် ကမ္ဘာ တစ်ခွင်မှာ မြန်မာလျှင်သာ သမင်မက လူမွေးသည် မအောက်မေ့လင့်။ ယခုဖော်ပြမည့် ရုရှားပြည် ကျော်ကြားယာပုံပြင်ကိုလည်း ဖတ်ရှုကြပါဦးလော့။

ရှေးသရောအခါ ဇာဘုရင်တစ်ပါးသည် တစ်နေ့သ၌ သူ၏ တောလိုက်မုဆိုးတို့အား...

"ဟေ့... သွားကြစမ်းကွာ၊ တောထဲမှာ ပထမဦးဆုံး တွေ့တဲ့ အကောင် ပစ်ယူခဲ့"

အဲသလို မိန့်တော်မူလိုက်သည့်အတိုင်း မုဆိုးကျော်များ ထွက်လာ ကြတော့ တောစပ်မှာ ပထမဦးဆုံးတွေ့တာက သမင်မတစ်ကောင်။ သူ့ကို ဘုရင်အမိန့်အတိုင်း လေးနှင့်ပစ်မယ်လို့ ချိန်ကြတော့၊ လား... လား... လူ ကလေးတစ်ယောက်က သမင်မနို့ကို စို့နေသည်။ သည်ကလေးဟာ မုဆိုး တွေကိုမြင်တော့ နို့စို့ရာက ပါးစပ်ချွတ်လိုက်ပြီး မိခင်သမင်မ၏ လည်ပင်း ကိုဖက်ကာ နမ်းနေသည်။ ဒါနှင့် မုဆိုးတွေက သမင်မကို မသတ်ရက်ဘဲ

mgyoe.com

mgyoe.com

ကလေးလေးကို နန်းတော်ယူလာခဲ့ပြီး သူတို့ဘုရင်အား အလုံးစုံ လျှောက်ထားကြသည်။

သည်အချိန်တွင် ဇာဘုရင်၏ သားတော်လေးကလည်း သမင်မ၏သားကလေးနှင့် ရွယ်တူဖြစ်နေလေတော့ ဘုရင်ဟာ သားချင်း စာနာပြီး သူ့သားတော်ရင်းနှင့် ကစားဖော်အဖြစ် သားတော်၏ နို့ထိန်းနှင့်ပဲ မွေးစားခဲ့သည်။ နာမည်ကတော့ "သမင်လူကလေး" လို့ မှည့်ခေါ်သည်။

သည်လိုနှင့် သူတို့သည် နန်းတော်ထဲတွင် ပျော်ရွှင်စွာ ကြီးပြင်းခဲ့ကြပြီး အသက် ၁၂ နှစ်မြောက်ကြသည့်အခါ တစ်နေ့သ၌ သူတို့ လယ်ကွင်းထဲထွက်သွားကြပြီး လေးပစ်ကစားကြသည်။ မင်းသားလေး၏ မြားတစ်ချောင်းသည် မတော်တဆ ရေခပ်လာသည့် အဘွားကြီးတစ်ယောက်၏ အိုးကိုထိမှန်၍ အိုးသည် ခေါင်းပေါ်ကကျကာ ကွဲသွားသည်။ သည်တော့ အဘွားကြီးက စိတ်ဆိုးပြီး...

"တစ်ဦးသောသားမို့ ငါ သေအောင်တော့ မကျိန်ဆဲလိုက်ချင်ပါဘူး၊ ဒါပေမဲ့ လောကတစ်ခွင်မှာ အလှတကာထွတ်ချာ ယီလီနာကို ချစ်တဲ့ စိတ်နဲ့ ချစ်ဝေဒနာ ခံစားရပါစေ"

ဒီလို ကျိန်ဆိုတာ ကြားရသည့်အခါ သမင်လူကလေးက အံ့သြသွားသည်။ "ဘယ်လိုများပါလိမ့်လဲ" လို့လည်း မေးမိသည်။ ဒါပေမဲ့ မင်းသားလေးကတော့ အဲဒီနေ့ကစပြီး ကျိန်စာမိတော့သည်။ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော အချောတကာ့ထွတ်ချာ ယီလီနာဆိုသည့် မိန်းကလေးကို ချစ်စိတ်ပေါ်သည့်ဝေဒနာကို ခံစားရတော့သည်။ ပုံပြင်တွေထဲက ကျိန်စာဆိုးကြောင့် မင်းသားလေးသည် မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်နှင့် ပိန်ချုံးကြုံလှီ ဖြစ်လာတော့ သမင်လူကလေးက "ငါ့အစ်ကိုတော့ ဒီ ယီလီနာမှမရရင်ဖြင့် သေတော့မှာပဲ"ဆိုပြီး သူ့ဖခင် ဘုရင်ကြီးအား...

"ခမည်းတော်ဘုရား၊ ကျွန်တော့်အတွက် သံခြေအိတ်ရှည်၊ သံလေးနဲ့ သံမြားတွေ လုပ်ပေးပါ။ ကျွန်တော့် နောင်တော်အတွက် ယီလီနာကို ရှာရအောင် သွားပါ့မယ်"

ခမည်းတော်ဘုရားက သဘောတူ၍ သူ့ဆန္ဒရှိတာတွေ အားလုံး စီမံပေးသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက် ခမည်းတော်ဘုရားကို

mgyoe.com

mgyoe.com

နှုတ်ဆက်ပြီး သွားခါနီးတွင် သမင်လူကလေးက...

"ခမည်းတော်ဘုရား၊ ဘာမှ စိုးရိမ်ပူပန်မဖြစ်ပါနဲ့၊ နှစ်နှစ်လောက်တော့ စောင့်ပါ။ ကျွန်တော်တို့ အောင်မြင်စွာနဲ့ ပြန်လာခဲ့ကြမယ်"

ထို့နောက် ညီအစ်ကိုနှစ်ယောက် ထွက်ခဲ့ကြသည်။ သူတို့ တစ်နေ့ပြီးတစ်နေ့ မရပ်မနား ခရီးဆက်ခဲ့ကြသည်။ တောကြီးတစ်ခုကို ရောက်လာကြသည်။ ထိုတောနက်ကြီးထဲ သူတို့ဝင်ခဲ့ကြသော် တောင်မြင့်ကြီးတစ်ခုပေါ်မှ ကြီးကျယ်သောဥယျာဉ်ကြီးထဲတွင် အိမ်ကြီးတစ်လုံးကို မြင်ရသည်။ ထိုအိမ်ကြီးကား ခေါင်းငါးလုံးနှင့် ခေါင်းကိုးလုံးရှိ လူသားစားဘီလူးကြီးများ စံပျော်ရာဖြစ်သည်။

မင်းသားလေးက သမင်လူကလေးအား "ပင်ပန်းလှတယ်၊ ဒီမှာ ခဏနားကြစို့"ဟု ပြောလျှင် သမင်လူကလေးက...

"ကောင်းပါပြီ"ဟုဆို၍ မင်းသားတုံးလုံးလဲကာ မျက်စိမှိတ်၍ မှိန်းလေသော် "ကဲ... ဒီမှာ အိပ်နေခဲ့၊ ကျွန်တော် ဟိုဥယျာဉ်ကြီးထဲသွားပြီး နောင်တော်စားဖို့ အကောင်းဆုံးသစ်သီးတွေ ယူခဲ့မယ်"ဟုဆိုပြီး တောင်မြင့်ကြီးတစ်ခုပေါ် တက်ခဲ့သည်။ သူ ဥယျာဉ်ကြီးထဲရောက်၍ အကောင်းဆုံးသစ်သီးတွေကိုရှာနေစဉ် ရုတ်တရက် ခေါင်းကိုးလုံးနှင့် ဘီလူးကြီးပေါ်လာကာ...

"ဟေ့... ဒီဥယျာဉ်ထဲလာရဲတာ ဘယ်သူတုံးကွ၊ ငါ့ပိုင်နက်ကို ကောင်းကင်ကငှက်တောင် ဖြတ်မပျံရဘူး၊ မြေကြီးမှာ ပုရွက်ဆိတ်တောင် မနေရဘူး၊ မင်းက ဘယ်သူမို့ ဒီလောက် ရဲတာတုံး"

"ငါဟာ သမင်ကမွေးတဲ့ သမင်လူကလေးပဲ"ဟု ပြောလိုက်သောအခါ ဘီလူးကြီးသည် ရုတ်တရက်ကြောက်ရွံ့ထိတ်လန့်သွားလျက် နောက်ဆုတ်ပြီး ပြေးတော့သည်။ အကြောင်းမှာ သူတို့ဘီလူးများတွင် တဘောင်အတိတ်ရှိသည်။ သမင်မက လူသားကလေးမွေးသောအခါ သူတို့ ဘီလူးများ ပျက်စီးရမည်။ ဤသမင်လူကလေးက အားလုံးသော ဘီလူးတွေကို သတ်ပစ်မည်။ ထို့ကြောင့် ဘီလူးတွေ အားလုံးပြေးကြသည်။ သို့သော်မလွတ်။ သမင်လူကလေးက လိုက်သတ်ပစ်သည်။ ခေါင်းငါးလုံးရှိ ဘီလူးတစ်ကောင်သာ အိမ်အပေါ်ဆုံးထပ်မှာ တက်ပုန်းနေ၍ ကျန်သည်။

mgyoe.com

mgyoe.com

ထိုအချိန်မှာ မင်းသားလေးသည် သစ်ပင်ရိပ်အောက်မှာ ကောင်းမွန်စွာ အိပ်ပျော်လျက်ရှိသည်။ သမင်လူကလေးသည် အိမ်ကြီးမှာ တွေ့သမျှဘီလူးတွေ သတ်ပစ်ပြီးနောက် မင်းသားလေးဆီ ပြန်လာ၍ ခေါ်သည်။ ဘီလူးတို့၏ ဥယျာဉ်ကြီးနှင့် စံအိမ်ကြီးကို သူတို့ ပိုင်ကြပြီတည်း။ ညီအစ်ကိုနှစ်ယောက် ဥယျာဉ်ကြီးထဲတွင် ပျော်ရွှင်စွာဖြင့် အကောင်းဆုံးသစ်သီးတွေ ခူးစားနေကြစဉ် အိမ်အပေါ်ဆုံးအထပ် မျက်နှာကြက်ပေါ် တက်ဝပ်နေသော ခေါင်းငါးလုံးနှင့် ဘီလူးသည် စိတ်မလုံပေ။ သမင်လူကလေးက အခု မတွေ့သော်လည်း နောက် တွေ့တော့မှာပဲဟု ကြောက်ရွံ့စွာနှင့် ပုန်းအောင်းရာမှ ထွက်ခဲ့၍ သမင်လူကလေးရှေ့မှောက် ဒူးထောက်ကာ...

"ကျွန်တော့်ကို ချမ်းသာပေးပါ၊ အစေအပါးလို သဘောထားပြီး ခိုင်းလိုရာ ခိုင်းပါ၊ ကျွန်တော့်နာမည် ဘာဘာဟန်ဂျိုမီ ခေါ်ပါတယ်"

သမင်လူကလေးသည် လက်ပိုက်၍ ပြုံးနေသည်ရှိသော် ဘာဘာဟန်ဂျိုမီက ဆက်လက်၍...

"အရှင့်သားတို့ စံအိမ်တော်မှာမနေ၊ ဘာကြောင့် ဒီတောမြိုင်ခြေကို ခရီးထွက်လာခဲ့ရပါသလဲ၊ အမိန့်ရှိပါ။ ကျွန်တော် တတ်နိုင်သလောက် ကူညီပါရစေ"

ထိုအခါ သမင်လူကလေးက...

"ငါတို့ဟာ လောကကြီးရဲ့ ထာဝရအလှကွန်ချာ ယိလိနာကို လိုက်ရှာနေကြတယ်။ ဒါကို သင် ကူညီပါ။ နို့မဟုတ်ရင် ဟိုဘီလူးများ နည်းတူ သတ်ပစ်မယ်"

ဘီလူး ဘာဘာဟန်ဂျိုမီ၏ ကျောကုန်းထက်တွင် လွယ်ကူစွာ သယ်ဆောင်သွားနိုင်သော အိမ်ကလေးတစ်လုံး အမြဲရှိသည်။ မင်းသားနှင့် သမင်လူကလေးတို့ကို အိမ်ကလေးထဲသို့ဝင်စေကာ "ကောင်းပါပြီ၊ အခုပဲ ယိလိနာကို လိုက်ရှာကြပါစို့။ သူ့ကို ရဖို့ကတော့ တယ်ပြီး မလွယ်ကူလှပါဘူး။ သူ့ကို နှစ်သက်မက်မောသူတွေက မြောက်မြားစွာ ရှိပါတယ်"

ယင်းသို့လျှင် မင်းသားနှင့် သမင်လူကလေးတို့ ညီနောင်သည် ဘီလူး၏ ကျောကုန်းထက် အိမ်ကလေးပေါ်မှ ခရီးနှင်ခဲ့ကြသည်။ သုံးလမျှကြာသော် မြစ်တစ်ခုကို ဆိုက်ရောက်ကြ၍ မင်းသားက သမင်လူကလေး

mgyoe.com

mgyoe.com
အား "တို့များ ခရီးနှင်ရတာ ပင်ပန်းလှပါပြီ။ ဒီမြစ်ကမ်းမှာ ခဏ နားကြစို့"

မှန်ပါ၏။ ဘာဘာဟန်ဂျိုမိက ပိုပြီးပင်ပန်းရှာပါသည်။ ညီနောင်နှစ်ယောက်သည် ဘီလူးကျောကုန်းထက်က အိမ်ကလေးထဲမှ ထွက်လာကြပြီး မြစ်ကမ်းတွင်ထိုင်သည်။ သူတို့ ရေဆာသဖြင့် မြစ်ရေကို ခပ်သောက်ကြရာ ငန်နေသဖြင့် သမင်လူကလေးက...

"ဘယ့်နှယ် ဒီမြစ်ရေက ငန်လှပါကလား"

ထိုအခါ ဘာဘာဟန်ဂျိုမိက...

"ဒါ ရေမှ မဟုတ်တာပဲ။ မျက်ရည်တွေပဲ၊ ဒီမြစ်ရဲ့ အထက်ပိုင်းမှာ ခေါင်းငါးလုံးနဲ့ ဘီလူးကြီးရှိတယ်။ သူဟာ ယိလိနာကို ချစ်ကြိုက်မိလို့ ချစ်ရေးဆိုတဲ့အခါ ဟိုက ငြင်းဆိုလိုက်တဲ့အတွက် သူ တစ်သက်လုံး ငိုယိုနေတာ မျက်ရည်တွေ မြစ်ဖြစ်အောင် စီးဆင်းတော့တာပဲ"

သမင်လူကလေးသည် အကြီးအကျယ် အံ့သြသွားသည်။

"အိုး... ဒီလောက်တောင်ကိုး၊ ကောင်းပြီလေ။ ဒီယိလိနာကိုမှ ငါ့နောင်တော်အတွက် ငါရအောင် ဆောင်ကြဉ်းမပေးနိုင်ရင်တော့ သမင်လူကလေးဆိုတဲ့ ငါ့နာမည်ကို ပြောင်းပစ်လိုက်မယ်ပေါ့"

ထိုမှ သူတို့သည် ဤမြစ်ညာမှ အချစ်ရောဂါ ခံစားနေရသည့် ဘီလူးကြီးဆီသွားကြပြီး သမင်လူကလေးက...

"အသင်ဘီလူး၊ ယိလိနာကို ချစ်မိတဲ့အချစ်က တယ်ပြီး ကြီးလှပါကလား"

ထိုအခါ အချစ်အတွက် မျက်ရည်မြစ်ဖြစ်အောင် ငိုနေသော ဘီလူးကြီးက...

"အထူး မပြောပါရစေနဲ့တော့၊ သူ့မျက်နှာလေးကို တစ်ကြိမ်လေးပဲ မြင်ပါရစေ၊ ကျုပ် သေရမယ်ဆို သေပါ့မယ်"

သမင်လူကလေးက "ကောင်းပြီ၊ ယိလိနာကို တို့ အပြန်ခရီးမှာ၊ ဆောင်ကြဉ်းလာတဲ့အခါမှာ သင် မြင်ရစေ့မယ်။ ငါ ကတိထားတယ်"

ထို့နောက် သူတို့ ခရီးဆက်ကြသည်။

လပေါင်းများစွာ ကြာခဲ့ပြီ။ သူတို့ ရိက္ခာအတွက် လမ်းမှာ တွေ့သော သားကောင်များကို ပစ်ခတ်စားသောက်ခဲ့ကြသည်။ သည်လိုနှင့်
mgyoe.com

mgy

လာခဲ့ကြရာ တောအုပ်ကလေးတစ်ခုသို့ ရောက်သည်။ ယီလီနာ ဘယ်မှာရှိသည်တော့ ယခုတိုင် မသိကြသေး။ ထို့ကြောင့် သမင်လူကလေးက...

"ဟိုမှာ ရွာလေးတစ်ရွာ မြင်တယ်။ အဲဒီရွာမှာ ယီလီနာအကြောင်းကို သိတဲ့လူများရှိသလား၊ ငါ သွားစုံစမ်းမယ်"

သမင်လူကလေးသည် ထိုရွာလေးသို့ ရောက်ခဲ့၍ တဲငယ်တစ်ခုထဲရှိ အဘွားကြီးတစ်ယောက်ထံ ချဉ်းကပ်ပြီး...

"အမေ... အမေ၊ ကျွန်တော့်ကို သားကလေးလို သဘောထားပြီး ပြောစမ်းပါခင်ဗျာ၊ လောကရဲ့ ထာဝရအလှကွန်ချာ ယီလီနာဆိုတာကိုများ သိပါသလား"

အဘွားကြီးသည် သည်လို သာမန်လူသားလေးက သည်လို လာမေးတယ်ဆိုတော့ အတော်အံ့သြသွားသည်။ ယီလီနာအကြောင်းနှင့် ယီလီနာကို တွေ့ရန်ပင် အလွန်ခဲယဉ်းကြောင်း သူသိသည်။

"ယီလီနာကို တွေ့ရဖို့ဟာက သိပ်... သိပ်ပြီး ခက်ခဲလှပါတယ် သားရယ်၊ အမေ သူ့အကြောင်း သိပ်လည်းမသိလှပါဘူး။ သိသမျှ ပြောရမယ်ဆိုရင် သူ့ကို လိုချင်တပ်မက်ကြသူ အများကြီးပဲ။ ဒီအထဲမှာ လေနတ်မင်းလည်း ပါဝင်လို့ သူ့တန်ခိုးနဲ့ လိုက်ရှာနေတာပဲ။ အဲဒါကို လေနတ်သားမတွေ့ရအောင် ယီလီနာရဲ့ မိဘမောင်ဖွားများက ကျောက်တောင်ကြီးကိုးလုံးရဲ့အကွယ်မှာ ဂေဟာဆောက်ပြီး ယီလီနာကို ဝှက်ထားကြတယ်။ လေနတ်မင်းကလည်း တွေ့ရင် အတင်းဆောင်ကြဉ်းမယ်လို့ အပြင်းရှာလျက်ပဲ"

ထို့နောက် အဘွားကြီးသည် ယီလီနာရှိမည့်နေရာကို ပြောပြသည်။

"ယီလီနာရဲ့ ရဲတိုက်ဟာ ဥယျာဉ်တိုက်ကြီးတစ်ခုထဲမှာ မြင့်မားတဲ့ တံတိုင်းကြီး ကာဆီးထားတယ်။ အဲဒီအထဲမှာ သူ့အမေရယ်၊ အစ်ကိုတွေရယ် အတူနေကြတယ်"

"ယီလီနာကို ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး ရနိုင်ပါ့မလဲ အမေရယ်၊ ကျွန်တော့် နှောင်တော်က သူ့ကို လိုချင်တပ်မက်အားကြီးလို့ပါပဲ"

"ယီလီနာကို လိုချင်တပ်မက်သူတွေကတော့ မရေမတွက်နိုင်ပါဘူး သားရယ်၊ ဒါပေမဲ့ ရဖို့က အင်မတန် ခဲယဉ်းလှတယ်။ သူ့အမေက မင်း

mgyoe.com

mgyoe.com

နောင်တော်ကို ပေးစားမယ်မဟုတ်ဘူး။ သူ့သမီးလိုချင်တဲ့လူ စွမ်းစွမ်းတမံနဲ့ သူတို့ဆီ ရောက်လာခဲ့လို့ရှိရင် အမေက မေးခွန်းသုံးခု မေးတတ်တယ်။ အဲဒါကို မဖြေနိုင်ရင် ယီလီနာ့ အစ်ကိုတွေက သတ်ပစ်ကရော"

သမင်လူကလေးက ပြုံးမိသည်။ ဒီလို လက်ရုံးအားကိုးနှင့် သတ်ကြသည်ဆိုသည်ကို သူမကြောက်။ နောင်တော်မင်းသားနှင့် ဘာဘာဟန်ဂျိုမိထံ ပြန်ခဲ့ပြီး သူတို့ ခရီးဆက်ကြပြန်သည်။

ထိုရွာလေးမှ အဘွားအို ညွှန်ပြလိုက်ခြင်းဖြင့် ယီလီနာတို့၏ ရဲတိုက်ဆီသို့ ရောက်ခဲ့ကြလေပြီ။ ရှေးဦးစွာ သမင်လူကလေးတစ်ယောက်တည်း ရဲတိုက်ကြီးထဲသို့ ဝင်ခဲ့သည်။

ယီလီနာ၏အမေမှာ လူကို သတ်လည်း သတ်နိုင်သည်။ လူသေကိုလည်း အသက်ပြန်သွင်းနိုင်သည့် အတတ်ပညာရှိသော ကဝေမကြီး ဖြစ်၏။

ကိုယ်ကာယ မြင့်မားသန်စွမ်း၍ ချောမောသော ရုပ်ဆင်းသဏ္ဍာန်ရှိသည့် သမင်လူကလေးကို စိုက်ကြည့်ပြီး...

"သင် ဘယ်သူလဲ၊ ဘာကိစ္စ ဒီကိုလာခဲ့တာလဲ"

"ကျွန်တော် ရန်သူမဟုတ်၊ မိတ်ဆွေအဖြစ်နဲ့ လာခဲ့ခြင်းပါ"

"သင် ဘာကို အလိုရှိလို့ပါလဲ"

"သမီးတော် ယီလီနာကို ကျွန်တော်တို့ မရီးတော်အရာ မြှောက်စားဖို့ တောင်းခံလိုပါတယ်"

ယီလီနာတွင် အစ်ကိုသုံးယောက်ရှိသည်။ သို့သော် ယခု သူတို့ အိမ်၌ မရှိကြ။ တောလိုက်သွားနေကြသည်။ ထို့ကြောင့် ယီလီနာ အမေက...

"ဒီကိစ္စဖြင့် ဒီမှာစောင့်ဦး၊ ငါ့သားများ ပြန်လာမှ သူတို့နဲ့ တိုင်ပင်ကြရမယ်"

ထိုအချိန်တွင် မင်းသားနှင့် ဘာဘာဟန်ဂျိုမိသည် သမင်လူကလေး ပြန်မလာသဖြင့် စိတ်မချ၍ လိုက်လာကြသည်။

ယီလီနာ၏အစ်ကိုများသည် ညမှောင်မှ တောလိုက်ရာက ပြန်လာကြ၏။ ရှေ့ဆုံးလူ၏ပခုံးပေါ်မှာ သမင်တစ်ကောင်၊ အလယ်လူတွင် ဒရယ်၊ နောက်ဆုံးလူက ထင်းပြုရန် သစ်ကိုင်းများ သယ်လာသည်။

mgyoe.com

သူတို့သည် လူစိမ်းနံ့ရ၍ သူတို့အမေအား...

"ဘယ်သူ ဒီမှာရောက်နေသလဲ"

"မိတ်ဆွေပါကွယ်၊ သူ့ကို ဘာမှ အန္တရာယ်မပြုကြပါနဲ့ ငါ့သားတို့" ဟု အမေက ပြော၏။

သမင်လူကလေးသည် သူတို့ဥယျာဉ်ကြီးထဲမှာ ထိုင်၍စောင့်လေသည်။

ထိုအချိန်မှာ ဘာဘာဟန်ဂျိုမီသည် မင်းသားကို သူ့ကျောကုန်းပေါ်မှာ သယ်ဆောင်လာခဲ့၍ ရဲတိုက်ကိုရောက်ကြပြီး ဘာများဖြစ်လိမ့်မည်နည်းဟု ချောင်းမြောင်းကြည့်ရှုနေကြသည်။

ယီလီနာ၏အစ်ကိုများသည် သူတို့ရလာခဲ့သော သမင်ကို သားရေဆုတ်ကြသောအခါ သမင်လူကလေးက ဝင်၍ကူသည်။ ဟိုညီအစ်ကိုများက သမင်၏ ပေါင်တစ်ပေါင်မျှ ပြီးသေးသည်။ သမင်လူကလေးက ဒရယ်တစ်ကောင်လုံးကို အရေခွာ၍ ပြီးနေသဖြင့် ညီအစ်ကိုများ အံ့သြကြသည်။ ထို့နောက် သူတို့ ညစာစားကြသောအခါ၌လည်း သမင်လူကလေးသည် ကြီးစွာသော အသားတုံးကြီးကို တစ်ကိုက်တည်းနှင့် စားနိုင်သည်ကိုလည်း ညီအစ်ကိုများ အံ့သြကြရပြန်သည်။

ထိုည အိပ်စက်ကြပြီး နောက်တစ်နေ့နံနက် ရောက်သောအခါ ယီလီနာက ပြောသည်။

"မင်းသားကို ကျွန်မ စကားဆိုပါမယ်၊ သူ ပြန်၍ဖြေနိုင်ရင် ကျွန်မနဲ့ လက်ထပ်ပါမယ်။ မဖြေနိုင်မှု ဖူးစာရှင် မဟုတ်ပါ"

ထို့ကြောင့် မင်းသားကို ယီလီနာရှေ့မှောက် ရောက်လာစေပြီး ယီလီနာက စကားဆိုသည်။ သို့သော် မင်းသားမှာ ဘာမှပြန်မပြောနိုင်။ မှင်တက်မိ၍ မျက်လုံးကြောင်တောင်နှင့် ဖြစ်နေသည်။ ယီလီနာ၏ အလှမှာသာ မိန်းမောနေတော့သည်။ အဘယ့်ကြောင့်မူ ယီလီနာအမေ ကဝေမကြီးက မင်းသားအား သူ့ပညာဖြင့် ပြုစားထားသောကြောင့်ဖြစ်၏။

ယင်းသို့ဖြင့် မင်းသား အရေးမလှဘဲ ယီလီနာ အခန်းထဲမှ ထွက်ခဲ့ရသောအခါ မိန်းမောတွေဝေ၍ အရက်မူးသမားလို ဒယိမ်းဒယိုင် ဖြစ်နေသည်။ သမင်လူကလေးက ဆီး၍တွဲကာ...

mgyoe.com

mgyoe.com

"အစ်ကို... ဘယ်လိုဖြစ်လာသလဲ၊ ယီလီနာက ဘာပြောလိုက်သလဲ"

"ဘာမှန်းကို မသိဘူးကွယ်၊ ငါ့ကိုယ်ငါ ဘယ်လိုဖြစ်မှန်းလည်း မသိဘူး"

သမင်လူကလေးသည် စိတ်ဆိုး၍ ယီလီနာဆီသွားကာ သူ့အစ်ကိုအား နောက်တစ်ဖန် တွေ့ခွင့်ပြုရန် တောင်းဆိုသည်။

သို့သော် ဤဒုတိယအကြိမ်လည်း အကြောင်းမထူး။ မင်းသားမှာ ပထမနည်းတူ မိန်းမော၍ နှုတ်ဆွံ့နေပြန်သည်သာ။

ထိုအခါ သမင်လူကလေးနှင့် ဘာဘာဟန်ဂျိမိတို့ ဆွေးနွေးတိုင်ပင်ကြသည်။ ဘာဘာဟန်ဂျိမိက အကြံရပြီး မင်းသားကို တတိယအကြိမ် နောက်ဆုံးအနေဖြင့် တွေ့ခွင့်ပြုရန် တောင်းဆိုပြန်သည်။

မင်းသားသည် ရှေးနည်းများအတူ ယီလီနာရှေ့မှာ တွေဝေနေပြန်စဉ် ဘာဘာဟန်ဂျိမိသည် စုန်းကဝေတို့ ပြုစားခြင်းကို ပျက်စေသော၊ ဘီလူးတို့တတ်အပ်သော ဂါထာမန္တန်တို့ကို သစ်ရွက်များတွင် ရေး၍ သူတို့အခန်းထဲသို့ လေဖြင့်မှုတ်သွင်းလိုက်သည်ရှိသော် အခန်းနံရံတို့သည် တုန်လှုပ်ပြီး မင်းသားမှာ အကောင်းပကတိဖြစ်သွားလျက် ယီလီနာဆီ ပြေးသွားပြီး လက်ကိုဆွဲ၍...

"ဟော့...မင်းကို ငါ ရပြီ။ မင်းကို ငါရပြီ"

သမင်လူကလေး ဝမ်းသာလှပါသည်။ ယီလီနာလည်း ဝမ်းမြောက်လှသည်။ အကြောင်းမှာ သူ့အမေက သူ့အား လက်မထပ်စေလို၍ လာသမျှလူကို ဤသို့ချည်း ပြုစားပြီး ဒုက္ခပေးလာခဲ့သည်မှာ ကြာလှပေပြီ။ ယခုမှ ဖူးစာရှင် တွေ့ရရှာသည်။

နောက်တစ်နေ့နံနက်မှာ သတို့သားနှင့် သတို့သမီးသည် ဥယျာဉ်ကြီးထဲမှာ ပျော်ရွှင်စွာ လက်တွဲလမ်းလျှောက်နေကြသည်။ သမင်လူကလေးက ဝမ်းမြောက်လှစွာ မလှမ်းမကမ်းမှ ကြည့်နေသည်။

ထိုစဉ် လေနတ်မင်းသည် ယီလီနာကိုမြင်သွားကာ ပြင်းစွာသော လေအဟုန်ဖြင့် မင်းသားလေးကို အပေါ်သို့ မြှောက်ယူဝှေ့ယမ်းပြီး မြေပြင်သို့ ပစ်ချလိုက်သည်။ ယီလီနာကိုကား ကောင်းကင်သို့ သယ်ဆောင်ခေါ်ယူ

mgyoe.com

mgyoe.com

သွားလေသတည်း။

သမင်လူကလေးသည် သူ့နောင်တော်ဆီ ပြေးသွားသောအခါ မင်းသားမှာ အသက်မရှိတော့ပြီ။ သည်းစွာသော ငိုကြွေးခြင်းကို ပြု၏။ ထိုအခါ ယီလီနာ၏မိခင် ရောက်လာကာ...

"မငိုပါနဲ့၊ ငါ မင်းနောင်တော်ကို အသက်ပြန်ရှင်အောင် ပြန်လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ငါ့သမီးကို လေနတ်မင်းဆောင်ကြဉ်းသွားတာတော့ ပြန်ရအောင် ဘယ်လိုလုပ်ရမလဲ မသိဘူး"ဟု ဆိုပြီး လက်ကိုင်ပဝါတစ်ထည်နှင့် မင်းသား၏မျက်နှာပေါ် အသာဖွယမ်း မန်းမှုတ်လိုက်သည်ရှိသော် မင်းသား လှုပ်ရှားလာပြီး ထထိုင်၍...

"အား... အိပ်ပျော်သွားတယ်"ဟု ဆို၏။ ထို့နောက် ယီလီနာ မရှိတော့သည်ကို သိသွားသောအခါ ပြင်းထန်စွာ ငိုကြွေးလေတော့၏။

သမင်လူကလေးသည် ဘာဘာဟန်ဂျိုမိဆီသွားကာ...

"လေနတ်မင်းဟာ တို့သတို့သမီးကို သုတ်သွားပြီ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ပြန်ရအောင် တို့များလုပ်ကြရမယ်"

ထိုအခါ ဘီလူးက...

"ဒီကိစ္စမှ ကျုပ်က မကူညီနိုင်ရင် ဘာဘာဟန်ဂျိုမိဆိုတဲ့ကောင်ကို ဘီလူးပြည်မှာ မထားနဲ့တော့။ ကြည့်စမ်း... ကျုပ် ညာဘက်နားရွက်ထဲမှာ ကုန်းနှီးရှိတယ်။ ဘယ်ဘက်နားထဲမှာက ဇက်ကြိုးနဲ့ ကြိမ်လုံး၊ ကျုပ်ခေါင်းငါးလုံးစလုံးမှာ ဒီအတိုင်းပဲ။ အဲဒါတွေနဲ့ ကျုပ်ကိုယ်ကို တပ်ဆင်ပြီး ခရီးနှင်ကြစို့"

သမင်လူကလေးသည် ဘီလူးပြောသည့်အတိုင်း ပြုလုပ်သည်။ ခေါင်းငါးလုံး၊ ဇက်သွားငါးခု၊ ဇက်ကြိုးငါးစုံ တပ်ဆင်ပြီးသောအခါ ဘာဘာဟန်ဂျိုမိက...

"ကျုပ် ကျောပေါ်ခုန်တက်၊ ကြာပွတ်ဆယ်ချောင်းနဲ့ ကျောမှာအစင်းဆယ်ခုထင်အောင် ပြင်းစွာရိုက်၊ ကျုပ်ဟာ လေကဲ့သို့ လျင်မြန်စွာ ကောင်းကင်ယံမှာ ပြေးလိမ့်မယ်"

ဘီလူးကျောပေါ်မတက်မီ သမင်လူကလေးသည် သူ့အစ်ကိုမင်းသားကို နှုတ်ဆက်သည်။ "ဘာမျှ မစိုးရိမ်နဲ့၊ ဒီအိမ်ကြီးမှာ ယီလီနာ

mgyoe.com

mgyoe.com

အမေနှင့် ကောင်းစွာနေခဲ့၊ ယီလီနာကို ရအောင် ပြန်ယူခဲ့မယ်"

ထို့နောက် ဘာဘာဟန်ဂျိုမိ၏ကျောပေါ် ခုန်တက်၍ သူ မှာထားသည့်အတိုင်း ကြာပွတ်ဆယ်ချောင်းနှင့် ပြင်းစွာရိုက်လိုက်သည်တွင် ဘာဘာဟန်ဂျိုမိသည် နာကျင်လှစွာအော်ဟစ်ပြီး မြေပေါ်မှခုန်၍ ကောင်းကင်သို့ မြောက်တက်သွားကာ တိမ်တိုက်ထဲတွင် အောက်ကမမြင်ရအောင် ပျောက်ကွယ်သွားလေ၏။

ဤသို့လျှင် သူတို့သည် ဝေဟင်ခရီးမှာ လေယာဉ်စီးကာ သွားကြသည်။ လယ်ကွင်းကြီးတစ်ခုထဲတွင် တဲတစ်လုံးကိုမြင်မှ အောက်သို့ ဆင်းခဲ့ကြပြီး သမင်လူကလေးက ထိုတဲမှာရှိသည့် အဘွားကြီးအား မေးသည်။

"အမေ... အမေ၊ လေနတ်မင်းအိမ် ဘယ်မှာရှိသလဲ"

အဘွားကြီးက ထိတ်လန့်ကြောက်ရွံ့စွာနှင့်...

"အောင်မယ်လေး သားရယ်၊ ဘာကိစ္စများ ရှိလို့လဲ။ လေနတ်မင်းအိမ်ကို ဘယ်သူပြောရဲပါ့မလဲ။ မင်းသွားရင် မင်းကိုလည်း သတ်ပစ်မယ်။ ပြောတဲ့ငါ့ကိုလည်း သတ်ပစ်မယ်။ သူ ခုနကပဲ ကမ္ဘာမှာ အလှဆုံး မိန်းကလေးတစ်ယောက်ကို သယ်ဆောင်လာတယ်။ သူလာပုံ ဘယ်လောက် အရှိန်ပြင်းသလဲဆိုရင် သူ့လမ်းတစ်လျှောက်မှာ ရှိသမျှတွေ အားလုံး မြေပြင်မှာ ပြားပြားဝပ်ကြရတယ်"

သမင်လူကလေးက ကြောက်ရွံ့ဟန်မရှိဘဲ...

"ကိစ္စမရှိပါဘူး၊ ကျွန်တော် သူ့ကို မကြောက်ပါဘူး။ ကျွန်တော် လာတဲ့ ကိစ္စကလည်း အခု သူ ယူလာတယ်ဆိုတဲ့ မိန်းကလေးအတွက် ပါပဲ။ အမေ မစိုးရိမ်ပါနဲ့။ လေနတ်မင်း နေရာကိုသာ ကျွန်တော့်ကို ပြပါ"

ထိုအခါမှ အဘွားကြီးက ကြောက်ရွံ့တုန်ယင်စွာနှင့် ပြောပြသည်။

သမင်လူကလေးသည် ဘာဘာဟန်ဂျိုမိကိုယ်မှ ကုန်းနှီးဇက်ကြိုးတွေကိုဖြုတ်၍ သူ့နားရွက်များထဲ ပြန်သွင်းလိုက်ပြီး အဘွားကြီးနောက် လိုက်သွားသည်။ ဘာဘာဟန်ဂျိုမိက နောက်ယောက်ခံနေခဲ့ပြီး သူ တွေ့သမျှ၊ မြင်သမျှတွေ ဆင်ခြင်သုံးသပ်သည်။ လေနတ်မင်း၏ ကြက်တွေ တွေ့သောအခါ ဖမ်း၍ စားပစ်လိုက်သည်။

အဘွားကြီးသည် သမင်လူကလေးအား လေနတ်မင်း၏နေအိမ်

mgyoe.com

mgyoe.com

ရဲတိုက်ကို ပြပြီး လစ်လေ၏။

ထိုနေ့နံနက်ခင်းတွင် လေနတ်မင်းသည် အပြင်သို့ အမဲလိုက်ထွက်သွား၍ ယီလီနာတစ်ဦးတည်း ရဲတိုက်ထဲမှာ ငိုယိုကျန်ခဲ့သည်။ ဤသို့ သမင်လူကလေးသည် ယီလီနာရှိသည့်အခန်းထဲသို့ ဝင်ခဲ့သော် ယီလီနာဝမ်းသာအံ့သြ၍...

"ဘယ့်နှယ်လုပ် ဒီကိုရောက်လာသလဲ၊ သနားစရာ ကျွန်မ သတို့သားကော ဘယ်လိုဖြစ်သလဲ"

သမင်လူကလေးက အားလုံးကို ပြောပြပြီး...

"အခု ယီလီနာကို ကျွန်ုပ် ပြန်ခေါ်ယူဖို့ လာခဲ့တာပဲ။ မင်းသားကောင်းမွန်စွာပဲ ဟိုမှာ စောင့်နေပါတယ်"

ယီလီနာက ကြောက်ရွံ့စွာဖြင့်...

"ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ လေနတ်မင်းက ကျွန်မတို့နှစ်ယောက်စလုံးကို သတ်ပစ်မှာပဲ"

ထိုအခါ သမင်လူကလေးသည် သူ့အား လေနတ်မင်း၏ ရဲတိုက်ကိုပြလိုက်သော အဘွားကြီးထံ ပြန်လာ၍ ယီလီနာအား လေနတ်မင်းထံမှ မည်သို့ ရယူနိုင်သည့်အကြောင်း အကြံဉာဏ်တောင်းသည်။

အဘွားကြီးက...

"ယီလီနာဆီ သွားပြီးပြောထား၊ နောက်တစ်နေ့ လေနတ်မင်း အမဲလိုက်သွားနေတဲ့အခါမှာ အခန်းထောင့်တစ်နေရာမှာ ပန်းတွေဖြန့်ကြဲပြီး ခြွေမွထား၊ လေနတ်မင်း ပြန်လာတဲ့အခါမှာ ဝမ်းနည်းတဲ့မျက်နှာနဲ့ ဆီးတွေ့၊ သူမရှိတဲ့အခိုက်မှာ သူ့ကိုလွမ်းဆွေးနေတဲ့ ပုံသဏ္ဍာန်ပြ၊ မိန်းမတို့ ပရိယာယ် ယီလီနာ နားလည်ပါလိမ့်မယ်"

နောက်တစ်နေ့နံနက် လေနတ်မင်း တောလိုက်ထွက်သွားသောအခါ ယီလီနာသည် ဥယျာဉ်ထဲမှ ပန်းတွေကိုခူး၍ အိမ်ခန်းထောင့် တစ်နေရာမှာ ဖြန့်ကြဲထားပြီး လေနတ်မင်း ပြန်လာချိန်၌ ပန်းများကို ခြွေမွနေလေရာ လေနတ်မင်းက အံ့သြစွာနှင့်...

"ဟေ့... ကလေးတစ်ယောက်လိုပဲ ပန်းတွေနဲ့ ဘာလုပ်နေတာလဲ"

ယီလီနာသည် ဆိုးနွဲ့နွဲ့ အမူအရာဖြင့်...

mgyoe.com

mgyoe.com

"အို... ကျွန်မတစ်ယောက်တည်း ကျန်ခဲ့တော့ ဘာလုပ်နေရမှာလဲ၊ မောင်တော်မရှိခိုက်မှာ ဘယ်လောက် ပျင်းရိစရာ ကောင်းသလဲ။ မောင်တော်ရဲ့ဝိညာဉ် ဘယ်မှာထားသလဲဆိုတာ သိရင်တော့ ကောင်းမှာ"

"အို... မောင်တော့်ဝိညာဉ်ရှိတဲ့ နေရာသိတော့ မင်း ဘာလုပ်မလဲ အချစ်ရယ်"

"အို... မောင်တော်ပြောပုံ ဘယ်လောက်စိမ်းကားသလဲ၊ ဒီဟာ ကိုယ့်မယားဆိုတာကို မမေ့ပါနဲ့။ မောင်တော့် ဝိညာဉ်သိရင် မောင်တော် မရှိခိုက် မောင်တော့်ကိုယ်စား ဖျော်ဖြေနှစ်သိမ့်ရတာပေါ့။ ဘယ်မှာထားသလဲ ဆိုတာ ပြောပြစမ်းပါနော် အချစ်ရယ်"

လေနတ်မင်း အပဟုတ်မှတ်ပြီး သဘောကျသွားကာ...

"ကဲ... လာ၊ ဒီလိုဆို ပြထားရတာပေါ့ နှမတော်ရယ်"ဆိုပြီး ရဲတိုက် အမိုးပေါ် ခေါ်သွား၍ "ဟိုက တောအုပ်ကလေးထဲမှာ သမင်တစ်ကောင် အစာစားနေတာ မြင်လား၊ အဲဒီသမင်ရဲ့ ခေါင်းထဲမှာ သေတ္တာကလေး သုံးလုံး ရှိတယ်။ အဲဒီသေတ္တာလေးတွေထဲမှာ မောင်တော်ရဲ့ဝိညာဉ်ကို ထည့်ထား တယ်"

ထိုအခါ ယီလီနာက စိုးရိမ်ဟန်နှင့်...

"ဟင်... အဲဒီသမင်ကို သူများက သတ်မပစ်နိုင်ဘူးလား"

"ဟင့်အင်း... တခြားသူ မသတ်နိုင်ပါဘူး၊ အဲဒီသမင်က မောင် တော်ရဲ့ လေးမြားနဲ့မှ သတ်လို့ရတယ်"

"အဲဒီသမင် သေရင်ကော မောင်တော့်ဝိညာဉ်လည်း သေရောလား"

"မသေပါဘူး၊ အဲဒီသမင်ခေါင်းထဲက သေတ္တာလေးသုံးခုထဲမှာ ငှက်ကလေးတစ်ကောင်စီရှိတယ်။ အဲဒီငှက်ကလေးသုံးကောင်စလုံးကို သတ် မှ မောင်တော့်တစ်ကိုယ်လုံး ကျောက်ဖြစ်ပြီး သေနိုင်တယ်။ ပထမတစ်ကောင် ဆိုရင် ဒူးဆစ်ထိပဲ ကျောက်ဖြစ်တယ်၊ ဒုတိယကောင်က ခါး၊ တတိယ အကောင်ကျမှ တစ်ကိုယ်လုံး ကိစ္စပြတ်ကရော"

"အချစ်ကိုယ့်၊ ပုံရှာပေါ့အလုံး။
နောက်နေ့မှာ လေနတ်မင်း၊ ယွင်းဘဝဆုံး"

နောက်တစ်နေ့ နံနက်ရောက်သောအခါ လေနတ်မင်း တောလိုက်

mgyoe.com

mgyoe.com

ထွက်သွားသည်၌ ယီလီနာသည် သမင်လူကလေးအား အလုံးစုံပြောပြ၍ လေနတ်မင်း၏ လေးနှင့်မြား ပေးအပ်လိုက်လေသည်။

သမင်လူကလေးသည် ဝမ်းသာအားရစွာ ထိုတောအုပ်သို့သွား၍ ထိုသမင်ကို ပစ်သတ်လိုက်ပြီး ခေါင်းကိုအမြန်ဖြတ်ကာ အထဲမှ သေတ္တာလေးတွေကို ထုတ်ယူသည်။

လေနတ်မင်းသည် သူ့သမင်ကို မြားထိစဉ်ကပင် တစ်ခုခုဖြစ်ပြီကိုသိ၍ သူ့ရဲတိုက်သို့ အမြန်ပြန်လာသည်။ သို့သော် သမင်လူကလေးက ပထမငှက်ကလေးကို သတ်လိုက်သောအခါ ဒူးဆစ်အထိ ကျောက်ဖြစ်သွားရှာသည်။ ဒုတိယငှက်ကျသောအခါ ခါးဆစ်အထိ၊ ယင်းသို့ဖြင့် သူ တရွတ်ဆွဲလာရ၍ အိမ်ပေါက်ခါးပန်းထက်တက်ကာ ယီလီနာအား...

"မင်း... သစ္စာဖောက်ပြီပေါ့"ဟု ဆိုလိုက်ခိုက်မှာ သမင်လူကလေးက တတိယငှက်ကို သတ်လိုက်သည်ဖြစ်၍ လေနတ်မင်းတစ်ကိုယ်လုံး ကျောက်ဖြစ်ပြီး ကိစ္စတုံးရရှာလေသတည်း။

ထို့နောက် သမင်လူကလေးသည် ယီလီနာဆီသို့ ပြန်လာခဲ့ကာ "ကဲ... ကိစ္စပြီးပြီ၊ သွားကြစို့"

"ကောင်းပါပြီ၊ ဟောဒီရဲတိုက်ရဲ့ အခန်းကိုးခန်းကို ဖြတ်သွားပါ။ ဆယ်ခန်းမြောက်မှာ လေနတ်မင်းရဲ့မြင်းကို တွေ့လိမ့်မယ်။ အဲဒီမြင်းမှ ကောင်းကင်မှာ လေကဲ့သို့ လျင်မြန်စွာ ကျွန်မတို့ ပျံနိုင်ကြပါလိမ့်မယ်"

သမင်လူကလေးသည် ဘာဘာဟာန်ဂျူမီ၏ နားထဲမှ ကုန်းနှီးနှင့် ဇက်ကြိုးများကိုထုတ်၍ တပ်ဆင်ပြီး သူက စီးသည်။ ယီလီနာက လေနတ်မင်း၏ မြင်းဖြင့် ဝေဟင်ခရီးမှ သူတို့ နေအိမ်သို့ ပြန်ခဲ့ကြ၏။

ယင်းသို့ဖြင့် မင်းသားနှင့် ယီလီနာ ပြန်လည် တွေ့ဆုံကြ၍ သမင်လူကလေးကို အားလုံးက ကျေးဇူးတင်ကြသည်။ ကြီးစွာသော လက်ထပ်ပွဲကြီးကို ကျင်းပလိုက်သည်။

ထိုအချိန်မှာ သမင်လူကလေး၏ မွေးစားဖခင်ဖြစ်သော မင်းသားလေး၏ ခမည်းတော်ဘုရားမှာ သူ့သားတော်နှင့် မွေးစားသား သမင်လူကလေးသည် နန်းတော်မှထွက်သွားကြတာ ကာလကြာလှပြီ။ ယခုတိုင် ပြန်မရောက်သေးပုံ ထောက်ရင်ဖြင့် သေကျေပျက်စီးကြပြီဟု ယူဆ၍

mgyoe.com

mgyoe.com

ဝမ်းနည်းသတင်းကို တိုင်းပြည်၌ ကြေညာလိုက်ကာ သားတွေကို တမ်းတ ငိုယိုလျက် ရှိလေ၏။

စင်စစ် ထိုစဉ်မှာ မင်္ဂလာပွဲကြီး ဆင်ယင်ကျင်းပခဲ့ပြီး၍ သမင်လူကလေး၊ မင်းသားနှင့် ယီလီနာတို့သည် ဘာဘာယာဟန်ဂျိုမိ၏ ကျောကုန်းထက်ရှိ အိမ်ကလေးထဲ၌လိုက်ပါကာ တိုင်းပြည်သို့ ပြန်လာနေကြလေပြီ။

လမ်းတွင် ယီလီနာကိုတပ်မက်သောစိတ်ဖြင့် မျက်ရည်မြစ်ကြောင်းစီးအောင် ငိုယိုနေသော ဘီလူးကြီး၏နေရာရောက်သောအခါ သမင်လူကလေးက...

"ကဲ... ဘီလူးကြီး၊ အသင် ယီလီနာကို ကြည့်ချင်လှချည့်ဆို"

"အို... သမင်လူကလေးရယ်၊ ယီလီနာကို ကျုပ် ဘယ်သူက ပြပါ့မလဲ"

"ဟောဒီမှာ ကြည့်ပါ၊ ယီလီနာကို ကျုပ်တို့ ဆောင်ကြဉ်းခဲ့ပါပြီ"

ယီလီနာကို မြင်ရသည်နှင့် တစ်ပြိုင်တည်း ဘီလူးကြီးသည် တစ်ခါမြင်လျှင် သေပျော်ပါပြီဟု အဓိဋ္ဌာန်ထားသည့်အတိုင်း ဘိုင်းဘိုင်းလဲ၍ သေပွဲဝင်ရှာသတည်း။

"သြော်... ဘယ်လောက် အချစ်ကြီးတဲ့ ဘီလူးကြီးခမျာလဲနော်..."

ထိုမှ သမင်လူကလေးတို့သည် ခရီးဆက်ခဲ့ကြ၍ ယခင်က ခေါင်းကိုးလုံး ဘီလူးကြီးတို့ နေထိုင်ရာ ဘာဘာယာဟန်ဂျိုမိတို့ အိမ်ကြီးထဲတွင် တစ်ညရပ်နားအိပ်စက်ကြသည်။ သည့်နောက် ငါးလကျော်မျှကြာလျှင် တောကြီးတစ်ခုထဲရောက်ကြသည်။

တစ်ညသ၌ သစ်တစ်ပင်အောက်မှာ သူတို့ အိပ်စက်နေကြစဉ် ခိုသုံးကောင်ပျံသန်းလာ၍ ထိုသစ်ပင်ထိပ်ဖျားနားပြီး စကားပြောဆိုနေကြသည်မှာ...

ပထမခို...

"ဇာဘုရင်ကြီးဟာ သူ့သားတော်လေးက ယီလီနာကို ရပြီး ပြန်လာကြောင်းသိရသဖြင့် လမ်းမှာဆီးကြိုလွှတ်ပြီး သေနတ်တစ်ခု လက်ဆောင်ပေးမှာပဲ။ အဲဒီသေနတ်က ကျည်ဆန်ထွက်ပြီး မင်းသားလေးကို မှန်သေ

mgyoe.com

mgyoe.com

မှာပဲ။ အဲဒီစကားကို ကြားတဲ့သူဟာ တစ်ဆင့်ပြန်ပြောရင် ကျောက်ဖြစ်ပြီး သေရမယ်"

ဒုတိယခို...

"ဇာဘုရင်ကြီးဟာ သူ့သားတော် ရောက်ခါနီးပြီလို့ သိတဲ့အခါမှာ မြင်းတစ်ကောင်အပို့လွှတ်လိုက်မယ်။ အဲဒီမြင်းဟာ မင်းသားလေးကို ခွာနဲ့ ပေါက်သတ်လိမ့်မယ်။ အဲဒီစကားကို ကြားတဲ့သူဟာ တစ်ဆင့် ပြန်ပြောရင် ကျောက်ဖြစ်ပြီး သေရမယ်"

တတိယခို...

"သတို့သားနဲ့ သတို့သမီး နန်းတော်ကြီးထဲရောက်ကြလို့ ည အိပ်စက်ကြတဲ့အခါမှာ လူသားစားသရဲကြီး သူတို့အိပ်ခန်းထဲ ဝင်လာပြီး နှစ်ယောက်စလုံးကို သတ်စားပစ်လိမ့်မယ်။ အဲဒီစကားကို ကြားတဲ့သူဟာ တစ်ဆင့်ပြန်ပြောရင် ကျောက်ဖြစ်ပြီး သေရမယ်"

ယင်းသို့ ပြောဆိုပြီး ခိုသုံးကောင်သည် ပျံသွားကြလေသည်။ ဤစကားအားလုံးကို သမင်လူကလေး ကြားလိုက်လေသည်။ နောက်တစ်နေ့နံနက်တွင် သူတို့သည် ဘာဘာဟန်ဂျိုမီ၏ ကျောကုန်းပေါ်က အိမ်ကလေးထဲဝင်၍ ခရီးဆက်ကြသည်။

ဇာဘုရင်ကြီးသည် သားတော်ချစ်သူရ၍ ကောင်းမွန်စွာ ပြန်လာကြပြီဖြစ်ကြောင်း ကြားသိရ၍ ဝမ်းသာစွာ သေနတ်တစ်လက်ကို ဆီးကြို၍ အပို့လွှတ်လိုက်သည်။ သို့သော် သမင်လူကလေးသည် ထိုသေနတ်ကို မင်းသားလက်သို့ မရောက်စေဘဲ ယူငင်ဖျက်ဆီးပြီး လွှင့်ပစ်လိုက်သည်။

မင်းသားသည် ငါ့ခမည်းတော်က ဤသို့ ဆီးကြို၍ ဂုဏ်ပြု ပေးလွှတ်သော သေနတ်ကို သမင်လူကလေးက ဖျက်ဆီးပစ်သည်ဟု မကျေမနပ် ဖြစ်သည်။

တစ်ဖန် ခရီးဆက်ကြ၍ ခမည်းတော်ထံမှ မြင်းတစ်စီး အပို့လွှတ်လိုက်ပြန်သောအခါ သမင်လူကလေးသည် ထိုမြင်းကို မင်းသားဆီ မရောက်စေဘဲ ပြန်လွှတ်လိုက်သည်။ ယင်းကိုလည်း မင်းသားလေးမှာ ဝမ်းနည်းမိပြန်သည်။

ယင်းသို့ဖြင့် သူတို့နန်းတော်သို့ ကောင်းမွန်စွာ ရောက်ကြသော

mgyoe.com

အခါ ခမည်းတော်က ဝမ်းသာအားရဆီးကြို၍ မင်္ဂလာစားသောက်ပွဲကြီးကို ကျင်းပပြန်လေသည်။

ထိုစဉ် သမင်လူကလေးသည် နန်းတော်ထဲမှ ထွက်လာကာ ဘာဘာဟန်ဂျိုမီအား "သင်သည် ကတိအတိုင်း ကျေးဇူးကြီးစွာ ကျွန်ုပ်တို့ကို ကူညီခဲ့ပြီ။ အခု သင်လိုရာကို လွတ်လပ်စွာ သွားနိုင်ပါပြီ။ ချမ်းသာပျော်ရွှင်စွာ နေလေတော့"

ဘာဘာဟန်ဂျိုမီ ထွက်ခွာသွားလေ၏။

ထိုညဌ် သမင်လူကလေးသည် မအိပ်ချေ။ သတို့သား၊ သတို့သမီးတို့ အခန်းထဲသို့ တိတ်တခိုးသွားနေကာ သူ့ဓားကြီးကို အသင့်ကိုင်၍ အိပ်ဖန်စောင့်နေလေ၏။

သန်းခေါင်ယံရောက်သောအခါ လူသားစား သရဲကြီးပေါ်လာကာ အိပ်ရာနား ချဉ်းကပ်ပြီး မင်းသားကို သတ်စားတော့မည်ဟု လက်ကမ်းသောအခါ၌ သမင်လူကလေးသည် သရဲကြီးအား အပိုင်းပိုင်း အတစ်တစ် ခုတ်သတ်လိုက်လေ၏။ ပြီးလျှင် မင်းသား လင်မယားအား မသိစေဘဲ သူရဲကြီး ကိုယ်အပိုင်းအစတို့ကို အိပ်ရာခုတင်အောက် သွားထားခဲ့၏။

နံနက်မိုးသောက်၍ မင်းသားနှင့် ယီလီနာတို့ အိပ်ရာမှထကြသည့်တိုင် ညကဖြစ်ပျက်ခဲ့သည်ကို ဘာမျှမသိကြချေ။ အစေခံတို့က အိပ်ခန်းကို လှည်းကျင်းတော့မှ အသေကောင်အပိုင်းအစများ ခုတင်အောက်က တွေ့ရသဖြင့် ဇာဘုရင်ကြီး စိတ်ဆိုးလေသည်။ သူ့သားတော်နှင့် ချွေးမတော်ကို တစ်စုံတစ်ယောက်က ခြောက်လှန့်သည်၊ မိမိကို မခန့်လေးစားပြုသည်ဟု အမျက်တော်ရှကာ ဘယ်သူပြုသနည်းဟု စစ်ဆေးမေးမြန်းလေသည်။ သမင်လူလေးအပေါ် အပြစ်ပုံကျလာလေသည်။ အကြောင်းမှာ ဘုရင်ကြီးက သားတော်လေးထံ သေနတ်ပို့စဉ်ကလည်း ဖျက်ဆီးပစ်သည်။ မြင်းကျတော့လည်း လက်မခံစေဘဲ ပြန်အပို့လွှတ်သည်။ ဤသို့ မင်းကြီးအား မချေမငံ ပြုခဲ့သည်များကို ထောက်ချင့်၍ ယခု အသေကောင်ကိစ္စမှာလည်း သမင်လူကလေးပဲ ဖြစ်ရမည်ဟု ပြောဆိုလာကြသည်၌ သမင်လူကလေးက...

"သင်တို့ကောင်းစားဖို့အတွက် ငါ ပြုရသည်၊ သင်တို့ ပျော်ရွှင်စွာ နေကြရပြီး ငါ့ကို ဘာကြောင့် သေစေချင်ကြသလဲ၊ ငါ မပြောပါရစေနဲ့"

mgyoe.com

mgyoe.com

ဆို၍လည်း မရချေ။ မကျေမနပ်နှင့် အတင်းအကျပ် ကိုင်လာကြသော ကြောင့် နောက်ဆုံး၌ သမင်လူကလေးက...

"ကောင်းပါပြီ၊ ကျွန်ုပ် ပြောပါတော့မည်။ နောက်ပြီးမှ သင်တို့ ဝမ်းမနည်းကြလင့်၊ နားဆင်ကြပါလော့။ ကျွန်ုပ်တို့ နောက်ဆုံး တောထဲမှာ သစ်ပင်တစ်ပင်အောက် အိပ်ကြစဉ် သစ်ကိုင်းမှာ ခိုသုံးကောင်လာနားပြီး ပထမခိုက ပြောတယ်။ "သားတော်လေးနဲ့ ချွေးမတော် ပြန်လာကြပြီ ဖြစ်ကြောင်း ဘုရင်ကြီး သိတဲ့အခါမှာ သေနတ်တစ်လက်ကို လက်ဆောင် အပို့လွှတ်လိမ့်မယ်။ အဲဒီသေနတ်က ကျည်ဆန်ထွက်ပြီး မင်းသားကလေး ကို ထိမှန်သေလိမ့်မယ်။ အဲဒီစကား ကြားတဲ့သူက တစ်ဆင့်ပြန်ပြောရင် ကျောက်ဖြစ်ပြီး သေရမယ်"

ဤသို့ ပြောလိုက်သည်နှင့် တစ်ပြိုင်တည်း သမင်လူကလေးမှာ ခြေဖျားက ဒူးအထိ ကျောက်ဖြစ်သွားလေ၏။

ယခုမှ သူတို့သည် သမင်လူကလေးက ဘာ့ကြောင့်မပြောဘဲ နေကြောင်း သိကြကာ နောက်ထပ်မပြောရန် တောင်းပန်ကြတော့သည်။ သို့သော် သမင်လူကလေးက မထူးတော့ပြီ။ ဆက်လက် နားထောင်ကြပါ တော့။ ဒုတိယခိုက "ဘုရင်ကြီးက သားတော်ဆီကို မြင်းတစ်ကောင် အပို့ လွှတ်လိမ့်မယ်။ အဲဒီမြင်းက မင်းသားကို ခွာနဲ့ပေါက်သတ်လိမ့်မယ်။ အဲ့ဒီ စကားကို ကြားတဲ့သူက တစ်ဆင့် ပြန်ပြောရင် ကျောက်ဖြစ်ပြီး သေရမယ်"

သမင်လူကလေး၏ ကိုယ်မှာ ဒူးမှခါးအထိ ကျောက်ဖြစ်သွား ပြန်၏။

"တော်ပါတော့ သမင်လူကလေး၊ တော်ပါတော့" သူတို့ ဝိုင်းဝန်း အော်ဟစ်တားမြစ်ကြ၏။ သို့သော် သမင်လူကလေးက...

"သင်တို့ ငါ့ကို မိတ်ဆွေကောင်းလို အယုံအကြည် မရှိခဲ့ကြဘူး။ အခုတော့ နောက်ကျပြီ။ အစအဆုံးသာ နားထောင်ကြတော့။ တတိယ ခိုက "ညအချိန် သတို့သားနဲ့ သတို့သမီး အိပ်မောကျနေစဉ်မှာ အခန်းထဲ အသားစားသရဲကြီး ဝင်လာပြီး...

သမင်လူကလေး စကားမဆုံးမီ သူ့တစ်ကိုယ်လုံး ကျောက်ဖြစ် သွားလေသတည်း။

mgyoe.com